ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday 19 March 2018 ၉၂၃၃

# မွန်ပြည်သစ်ပါတီက NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်အသစ် စိုက်ထူနိုင်ခဲ့ မွန်ပြည်နယ်ကြီး ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ စုစည်းညီညွတ်စွာဖြင့် တွဲလက်မဖြုတ် ကြိုးပမ်းတည်ဆောက်

## (၇၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်မှာ ကျရောက်တဲ့ (၇၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခါသမယမှာ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများနဲ့တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကာယ၊ စိတ္တ သုခနှစ်ဖြာ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့ နေ့ထူးနေ့မြတ်တစ်ခုဖြစ်တဲ့ မွန်ပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လွတ်လပ်ရေးရပြီးနောက် မွန်တိုင်းရင်းသားမျိုးနွယ်စု၊ မွန်စာပေနဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# အာဆီယံ-ဩစတြေးလျ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်

## Sydney Declaration ပူးတွဲကြေညာချက်ကို အတည်ပြုချမှတ်ခဲ့




**အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး (မျက်နှာစုံညီအစည်းအဝေး)သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။**

ကင်ဘာရာ မတ် ၁၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး (မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေး) သို့ တက်ရောက်သည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဆစ်ဒနီမြို့ရှိ International Convention Centre ၌ ကျင်းပသည့် အာဆီယံ-ဩစတြေးလျ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

ကြေးမုံ

# အာဆီယံ-ဩစတြေးလျ အထူးထိပ်သီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ပြီး ဩစတြေးလျဓနသဟာယနိုင်ငံ ဆစ်ဒနီမြို့၌ မတ်လ ၁၇ ရက်နှင့် ၁၈ ရက်နေ့တွင်ကျင်းပသည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယခုကျင်းပသည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ ဩစတြေးလျဓနသဟာယနိုင်ငံ ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါအထူးထိပ်သီးအစည်းအဝေးသည် အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့၏ ဆက်ဆံရေးကို ထပ်မံအတည်ပြုသည့် အရေးပါသော အစည်းအဝေးဖြစ်ပြီး ဩစတြေးလျနိုင်ငံတွင် ပထမဆုံးကျင်းပသည့် အစည်းအဝေးဖြစ်သည်။

အထူးထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အစွန်းရောက်ဝါဒအန္တရာယ်၊ ခြိမ်းခြောက်မှုအန္တရာယ် စသည်တို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်တို့နှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရာ၌ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ရေးအတွက် ဩစတြေးလျနှင့် အာဆီယံနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုအစည်းအဝေးတွင် ဩစတြေးလျနှင့် အာဆီယံနိုင်ငံများက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဦးစားပေး ဆွေးနွေးခဲ့ကြပြီး အစွန်းရောက်များနှင့် အခြားရာဇဝတ်သားများက လျှို့ဝှက်အင်တာနက်ဝက်ဘ်ဆိုက်များ အသုံးပြုမှု မြင့်တက်လာနေသောပြဿနာကို ဩစတြေးလျ ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။ အဆိုပါခြိမ်းခြောက်မှုကို ဖြေရှင်းရန် တစ်ခုတည်းသောနည်းလမ်းမှာ ညီညွတ်မှုရှိရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုအန္တရာယ်သည် ဩစတြေးလျနိုင်ငံသာမက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံအများစုအနေဖြင့်လည်း ကြုံတွေ့နေရသည်။ ထို့ကြောင့် ယခုအစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဦးစားပေးဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်နေသည့်နိုင်ငံဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ခဲ့သည်။ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ်က လာအိုနိုင်ငံတွင် ကျင်းပခဲ့ပြီးနောက် ယခုဩစတြေးလျနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ အာဆီယံ-ဩစတြေးလျ မိတ်ဖက်ဆက်ဆံရေးသည် ၂၀၁၄ ခုနှစ်တွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးအဆင့်သို့ ရောက်လာပြီးနောက် ၂၀၁၆ ခုနှစ်တွင် အာဆီယံ-ဩစတြေးလျ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃ ဘီလီယံအထိ ရှိလာခဲ့သည်။ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများပြီးလျှင် တတိယမြောက် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ယမန်နှစ်က ဩစတြေးလျဒေါ်လာ ၁၆ သန်း ထပ်မံပံ့ပိုးကူညီပေးရန် ကတိကဝတ်ပြုခဲ့ပြီး ရခိုင်ပြည်နယ် အကူအညီပေးရေးနှင့်ပတ်သက်၍ ကိုဖီအာနန်ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပေးချက်များအတိုင်း ထောက်ပံ့ကူညီပေးမည်ဟု အသိပေးထားသည်။ ဩစတြေးလျနိုင်ငံက ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ မြန်မာနိုင်ငံအတွက် ကူညီထောက်ပံ့ပေးငွေမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈ သန်း ရှိခဲ့ပြီဟု သိရသည်။

သို့ဖြစ်ရာ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးတွင် အကြမ်းဖက်မှုအန္တရာယ်ကို အလေးအနက်ထားဆွေးနွေးခဲ့သည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့နေသော အကြမ်းဖက်မှုအန္တရာယ်များကို အာဆီယံ-ဩစတြေးလျ မိတ်ဖက်နိုင်ငံများနှင့် ပိုမိုလက်တွဲဆောင်ရွက်နိုင်ပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍမှာ ပိုမိုမြင့်မားလာသဖြင့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Gavi, the Vaccine Alliance Board Retreat အစည်းအဝေးသို့ တက်ရောက်

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ပြင်သစ်နိုင်ငံ Evian-les-Bains မြို့တွင် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် Gavi, the Vaccine Alliance Board Retreat အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အဆိုပါအစည်းအဝေးသို့ Gavi, the Vaccine Alliance Board အဖွဲ့ဝင်များ ဖြစ်ကြသည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ တာဝန်ထမ်းဆောင်ဆဲ ဝန်ကြီးများ၊ ဝန်ကြီးဟောင်းများ၊ အလှူရှင်အဖွဲ့များဖြစ်ကြသည့် Bill & Melinda Gates Foundation၊ DFID၊ Global Fund နှင့် World Bank စသည့်အဖွဲ့များမှ တာဝန်ရှိသူများ၊ အကြီးတန်းအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

Gavi, the Vaccine Alliance သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာကွယ်ဆေးအသစ်များနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းစနစ်များသုံးစွဲ၍ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကလေးများကို အခြားကမ္ဘာ့နိုင်ငံများမှ ကလေးများနှင့် တန်းတူညီမျှ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများဖြစ်ပွားသေဆုံးမှုမှ ကင်းဝေးလျော့ကျစေရန် ပံ့ပိုးပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ Gavi ဘုတ်အဖွဲ့ဝင်ဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ခဲ့ပြီး Gavi အဖွဲ့မှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပံ့ပိုးလျက်ရှိသော ကာကွယ်ဆေးများအား ယခုထက်ပိုမိုထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရေး၊ Gavi အဖွဲ့၏ လုပ်ငန်းစီမံခန့်ခွဲ ဆောင်ရွက်နေမှုများအား ယခုထက်ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးနှင့် ယခုအခြေအနေ အချိန်အခါအရ အထူးလိုအပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုအကျိုးရှိစေမည့် စီမံခန့်ခွဲမှုမျိုး ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပတ်သက်သည့် အခက်အခဲများ၊ လိုအပ်ချက်များအား ကျော်လွှားနိုင်ရေးနှင့် ရှေ့လာမည့် ငါးနှစ်အတွင်း Gavi အဖွဲ့၏ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် ရည်မှန်းချက်များနှင့် လုပ်ငန်းမဟာဗျူဟာနှင့် နည်းဗျူဟာများကို ရေးဆွဲရာ၌ စဉ်းစားရမည့်အချက်များ စသည်တို့ကို အသေးစိတ်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင် Gavi အဖွဲ့မှ ၂၀၁၇ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ဖိုး ထောက်ပံ့ခဲ့ပြီး မြန်မာနိုင်ငံမှလည်း ကာကွယ်ဆေးများဝယ်ယူရန်အတွက် ရန်ပုံငွေကို Gavi သို့ အချိုးကျပူးပေါင်းထည့်ဝင်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကာကွယ်ဆေး တန်ဖိုး၏ ၂၄ ရာခိုင်နှုန်း ထည့်ဝင်ခဲ့သည်။

Gavi သည် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပေးမည့်အပြင် ကာကွယ်ဆေးမဟုတ်သော ပံ့ပိုးမှုအဖြစ် အအေးလမ်းကြောင်းဆိုင်ရာစက်ပစ္စည်းများ၊ ကျန်းမာရေးစနစ် အားဖြည့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၆၀ သန်းကျော်ခန့် တန်ဖိုးကို ၂၀၁၈-၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှတစ်ဆင့် ဆက်လက်ပံ့ပိုးပေးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ဂျီနီဗာအခြေစိုက် South Center အဖွဲ့မှ Deputy Executive Director ဖြစ်သူ Mr. Vicente Yu နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ ပိုးသတ်ဆေးယဉ်ပါးအကျုဇီဝ ပိုးမွှားများအန္တရာယ် ကာကွယ် တားဆီးရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် South Center အဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ဆက်လက်ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ပင် All Special Kids အဖွဲ့၏ President ဖြစ်သူ Mrs. Joy Tong နှင့် တွေ့ဆုံ၍ မြန်မာ နိုင်ငံ၌ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ ရောဂါကြောင့် အထူးဂရုစိုက်ပြုစုရန် လိုအပ်သော ကလေးငယ်များအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်နိုင်ရေး၊ နိုင်ငံတစ်ဝန်း တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နှီးနွှယ်ဝန်ကြီးဌာနများအပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မိဘများနှင့်အတူ တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး ကွန်ရက်ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **ကြေးမုံ**

# ကြယ်ငါးလေးများအတွက် စိတ်ခွန်အား အစီအစဉ်ကျင်းပ

**မြစ်သား မတ် ၁၈**

စာပေအနုပညာရှင်များနှင့် သဲတစ်ပွင့် ပရဟိတအဖွဲ့တို့ ပူးပေါင်းကာ ကလေးငယ်များ စိတ်ခွန်အားပြည့်ဝစေရန် ကြယ်ငါးလေးများအတွက် စိတ်ခွန်အား အစီအစဉ်ကို မတ် ၁၈ရက်က မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ပန်းသီတာဥယျာဉ်ရှိ နွေရာသီ အခမဲ့ပန်းချီအခြေခံသင်တန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကြယ်ငါးလေးများအတွက် စိတ်ခွန်အား အစီအစဉ်တွင် ကလေးငယ်များအား ကဗျာများ၊ သီချင်းများ၊ ပုံပြင်များနှင့် မျက်လှည့်ပြပွဲများဖြင့် လူရွှင်တော်ရဲပြီး ပြောရဲဆိုရဲသော စိတ်ဓာတ်ခွန်အားများ ရရှိအောင် စာရေးဆရာညိုထွန်းလူနှင့် ဆရာစိုးဘားဒိုင်၊ ကာတွန်းဆရာ အောင်မော်၊ ဦးအောင်သန်းထွဋ် ဦးဆောင်သော သဲတစ်ပွင့်ပရဟိတအဖွဲ့ဝင်များနှင့် မျက်လှည့်ဆရာဂူဂူးတို့က ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များနှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာရေးဆရာညိုထွန်းလူက“ကလေးတွေကို သတ္တိရှိအောင်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိအောင် ဒီအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတာပါ”ဟု ပြောသည်။

ထို့နောက် ကလေးငယ်များအား စာရေးကိရိယာများ၊ ရောင်စုံခဲတံများ၊ နို့ဘူးများနှင့် ပေါင်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရေချိုကျေးရွာ၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ မတ် ၁၈**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောက်လုပ်သည့် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းနှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝေဝေဖြိုးတို့က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၂၇ ပေ၊ အနံ ၁၄ ပေ သွပ်မိုး၊ အုတ်ကာ အမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၅ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ❖ မွန်ပြည်သစ်ပါတီမှ

၁၉၄၈ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှာ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး တစ်ဖန် ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းကာ မွန်ပြည်နယ်ဖွဲ့စည်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှာ ယခင်တနင်္သာရီတိုင်းကို တနင်္သာရီတိုင်းအမှတ်(၁)နဲ့ တနင်္သာရီတိုင်း အမှတ်(၂)အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ (၃၀)၊ ပုဒ်မခွဲ (ဂ)ဖြင့် တနင်္သာရီတိုင်း အမှတ်(၁)ကို မွန်ပြည်နယ်လို့သတ်မှတ်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)မှာ မွန်ပြည်နယ်လို့ စတင်အသိအမှတ်ပြုရေးဆွဲခဲ့တဲ့ မတ်လ ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ကျင်းပလာခဲ့တာ ယခုနှစ်ဆိုရင် (၄၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

မွန်ပြည်နယ်မှာ မွန်နဲ့ ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး ကရင်၊ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ပအိုဝ်း စတဲ့ တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါတယ်။ ရာသီဥတုကောင်းမွန်မှုတပြီး စိမ်းလန်းစိုပြည်တဲ့ သစ်တောတွေ၊ မြစ်ချောင်းတွေ၊ ပြန့်ပြူးသာယာတဲ့ ပင်လယ်ကမ်းခြေအလှတွေနဲ့ ပြည့်စုံတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူတိုင်း အထွတ်အမြတ်ထား ပူဇော်ရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးတည်ရှိရာ ဒေသလည်းဖြစ်ပါတယ်။

ယခင်က တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အကြောင်းအမျိုးမျိုးကြောင့် စိတ်သဘောထားကွဲလွဲခဲ့ကြသော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွန်ပြည်သစ်ပါတီက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးတော့ မွန်ပြည်နယ်ရဲ့ ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ ပါဝင်နိုင်ဖို့ ပြင်ဆင်နေကြပါပြီ။ ငြိမ်းချမ်းလာတာနဲ့အမျှ မွန်ပြည်နယ်မှာ အခြေခံကောင်းတွေရှိပြီးဖြစ်တဲ့ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကုန်သွယ်ရောင်းဝယ်ရေး လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ် အစိုးရအဖွဲ့နဲ့ လက်တွဲပြီးတော့ ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရှိရတဲ့အတွက် များစွာ ဝမ်းမြောက်မိပါတယ်။ မွန်ပြည်နယ်သူ၊ ပြည်နယ်သားများဟာလည်း ငြိမ်းချမ်းရေးမှသည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်မျှော်နေကြပြီ ဖြစ်ပါတယ်။

မွန်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့မှာ စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ။ မိမိတို့ခေတ်အတွက်သာမက သားစဉ်မြေးဆက်အတွက်ပါ မွန်ပြည်နယ်ကြီး ယခုထက် ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ စုစည်းညီညွတ်စွာနဲ့ တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းတည်ဆောက်သွားကြပါ။ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ ဆက်လက်ပြီး ညီညီညွတ်ညွတ်နဲ့ ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**




**အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး(မျက်နှာစုံညီအစည်းအဝေး) ကျင်းပစဉ်။**

## ✪ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး ဖွင့်ပွဲတွင် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ညှိနှိုင်းရေးမှူးအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဆီယံနိုင်ငံများနှင့်ဩစတြေးလျ နိုင်ငံခေါင်းဆောင်များ အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ သဘောထားအမြင်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ မျက်နှာစုံညီအစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံ-ဩစတြေးလျ စီးပွားရေးမိတ်ဖက်ဆက်ဆံရေးနှင့် အာဆီယံ-ဩစတြေးလျ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ နိုင်ငံ ခေါင်းဆောင်များအကြား သဘောထားအမြင်များကို ဖလှယ်ခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် အာဆီယံ၏ ပထမဦးဆုံး ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးကို ၁၉၇၄ ခုနှစ်တွင်စတင်ခဲ့သည်။ မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-ဩစတြေးလျ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အစည်းအဝေးတွင် မဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်နိုင်ခဲ့ပြီးနောက် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးများကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရန် သဘောတူခဲ့ကြသည်။ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဆစ်ဒနီမြို့၌ မတ် ၁၇ ရက်နှင့် ၁၈ ရက်တွင် ကျင်းပသည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသည် ဩစတြေးလျ ဓနသဟာယနိုင်ငံတွင် ပထမဆုံး လက်ခံကျင်းပသည့် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေး ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-ဩစတြေးလျ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီး အစည်းအဝေးကို မျက်နှာစုံညီ အစည်းအဝေးနှင့် သီးသန့်အစည်းအဝေးဟူ၍ အပိုင်းနှစ်ပိုင်း သတ်မှတ်ကျင်းပကာ အထူးထိပ်သီးအစည်းအဝေး၏ ဆောင်ပုဒ်မှာ Enhancing Regional Security and Prosperity ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် H.E. Sir Peter Cos grove AK MC နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေလယ်စာစားပွဲသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် နေအိမ်ဧည့်ခန်းမ (Admiralty House, The Drawing Room ) ၌ ကျင်းပသည့် အာဆီယံနှင့် ဩစတြေးလျနိုင်ငံခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဩစတြေးလျ ဓနသဟာယနိုင်ငံဝန်ကြီးချုပ် မစ္စတာ မဲလ်ကွန်တန်ဘဲလ်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အာဆီယံ- ဩစတြေးလျ ညှိနှိုင်းရေးမှူး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေနှင့် ဒေသတွင်းကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံ-ဩစတြေးလျအထူး ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ဖြစ်သည့် Sydney Declaration ကို အတည်ပြုချမှတ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ကင်ဘာရာမြို့သို့ ထွက်ခွာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ တာဝန်ရှိသူများနှင့် အတူ ဩစတြေးလျ ဓနသဟာယနိုင်ငံ တပ်မတော် အထူးလေယာဉ်ဖြင့် ဆစ်ဒနီမြို့မှ ထွက်ခွာရာဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ကင်ဘာရာမြို့ Fairbairn တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဩစတြေးလျဓနသဟာယနိုင်ငံ သိပ္ပံ၊ အလုပ်အကိုင်နှင့် တီထွင်ဆန်းသစ်မှုရေးရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Senator the Hon Zed Seselja၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel၊ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်နှင့် ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ကင်ဘာရာမြို့ Hyatt Hotel သို့ရောက်ရှိကြသည်။ **သတင်းစဉ်**

# တရုတ်သမ္မတ ရှီကျင့်ဖျင်အား ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်တင်မြှောက်



**ပေကျင်း မတ် ၁၈**

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်အား သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတ ရှီအား နောက်ထပ်ငါးနှစ်တာကာလအတွက် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခြင်း ဖြစ်သည်။

သမ္မတ ရှီကျင့်ဖျင်၏ အစိုးရအဖွဲ့အတွက် အဓိကအားထားရသော သမ္မတရှီ၏ မိတ်ဆွေဖြစ်သူ ဝမ်ကျီရှန်းအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

အသက် ၆၉ နှစ်အရွယ် ဝမ်ကျီရှန်းသည် သမ္မတရှီ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိက ပါဝင်ကူညီ ထောက်ပံ့ပေးသူတစ်ဦး ဖြစ်သည်။

ဝမ်ကျီရှန်းသည် လွန်ခဲ့သောနှစ်က ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရိုမှ အနားယူခဲ့သည်။

တရုတ်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ငါးနှစ်တာ သမ္မတ သက်တမ်းကို နှစ်ကြိမ်အထိသာ ရွေးကောက်ခံခွင့်ရှိသည်ဆိုသည့် ကန့်သတ်ချက်ကို ပြင်ဆင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က အစောပိုင်းကာလများတွင် ချမှတ်ခဲ့သည်။

ထို့ကြောင့် သမ္မတ ရှီကျင့်ဖျင်နှင့် ဒုတိယသမ္မတ ဝမ်တို့သည် ၎င်းတို့၏ အာဏာသက်တမ်း ၂၀၂၃ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ဆက်လက် ရွေးကောက်ခံခွင့်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# လီခချန်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်

**ပေကျင်း မတ် ၁၈**

ကျင်းပနေဆဲဖြစ်သော ၁၃ ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)၏ ပထမမြောက်အစည်းအဝေးတွင် လီခချန်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အမျိုးသားလွှတ်တော်ဖြစ်သော အင်န်ပီစီ၏ ကိုယ်စားလှယ် ၃၀၀၀ ခန့်သည် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသော သမ္မတ ရှီကျင့်ဖျင်က ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းသော လီခချန်းအား မတ် ၁၈ ရက်က မဲပေးရွေးချယ်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့သူ လီသည် ၁၉၇၆ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီတွင် အဖွဲ့ဝင်အဖြစ် စတင်ပါဝင်ခဲ့သည်။ လီသည် ပီကင်းတက္ကသိုလ်မှ ဥပဒေနှင့် ဘောဂဗေဒအထူးပြုဘွဲ့ဒီဂရီများကို ရရှိခဲ့သည်။

လီသည် ဟေနန်နှင့် လျောင်နင်းပြည်နယ်တို့၏ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို(ပေါ်လစ်ဗျူရို) အမြဲတမ်းကော်မတီတွင် ရွေးချယ်ခံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီတွင် ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

**ဆင်ဟွာ**

# ရုရှားသမ္မတရွေးကောက်ပွဲ၌ ပြည်သူများစတင်မဲပေးကြပြီ

**မော်စကို မတ် ၁၈**

ရုရှားနိုင်ငံ၏ အရှေ့စူးစူး အရပ်ဒေသများဖြစ်ကြသော ကမ်ချက်တာနှင့် ချူကော့တာဒေသများ၌ နေထိုင်သူပြည်သူများသည် သမ္မတရွေးကောက်ပွဲအတွက် မတ် ၁၈ ရက်တွင် မဲပေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပထဝီဝင်နယ်နိမိတ်အရ အရွယ်အစားအလွန်ကြီးမားလှသော ရုရှားနိုင်ငံ၌ အချိန်ဇုန် ကိုးဇုန်ရှိပြီး အချိန်ဇုန်အရ ကမ်ချက်တာနှင့် ချူကော့တာဒေသများအပါအဝင် အရှေ့ဖျားဒေသ၌ သမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုကို အစောဆုံးပြုလုပ်ခဲ့ကြသည်။ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်ခဲ့သည်။ အခြားသော ဒေသများရှိ ပြည်သူများမှာမူ မဲပေးနိုင်ရန် နာရီအတန်ကြာမျှ စောင့်ဆိုင်းကြရဦးမည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ အနောက်စူးစူး အရပ်၌ တည်ရှိသော ကာလီနင်ဂရက်မြို့ရှိ ပြည်သူများသည် အချိန်ဇုန်သတ်မှတ်ချက်အရ နောက်အကျဆုံး မဲပေးကြမည့်သူများဖြစ်ကြသည်။

ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ ရုရှားနိုင်ငံသား သန်း ၁၁၀ ခန့်ရှိပြီး ၎င်းတို့အနက် ၁ ဒသမ ၈၉ သန်းမှာ ပြည်ပရောက်နိုင်ငံသားများ ဖြစ်ကြကြောင်း၊ ပြည်တွင်း၌ မဲရုံပေါင်း ၉၇၀၀၀ ကျော်၊ ပြည်ပ၌ မဲရုံပေါင်း ၄၀၀ ကျော် ဖွင့်လှစ်ပေးထားကြောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည်။



ရုရှားသမ္မတ ရွေးကောက်ပွဲ၏ လုပ်ထုံးလုပ်နည်းကို လေ့လာစောင့်ကြည့်ရန် နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ ရွေးကောက်ပွဲအကဲခတ်ပုဂ္ဂိုလ် ၁၅၀၀ ခန့်ကို စေလွှတ်ထားသည်။

ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော သမ္မတလောင်းရှစ်ဦးမှာ လက်ရှိသမ္မတ ဗလာဒီမာပူတင် (တစ်သီးပုဂ္ဂလ သမ္မတလောင်း)၊ ရုရှားလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ ဗလာဒီမာ ဇိုင်ရင်နော့ဗ်စကီး၊ ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီမှ အမည်စာရင်းတင်သွင်းသူ စီးပွားရေးလုပ်ငန်းရှင် ပါဗယ်ဂရူဒီဆိုင်၊ ယာဘလိုကို ပါတီမှ ဂရီဂိုရီယာ ဗလင်းစကီး၊ တိုးတက်ရေး ပါတီခေါင်းဆောင် ဘောရစ်တီတော့၊ ရုရှားပြည်သူများ၏ ယူနီယံပါတီခေါင်းဆောင် ဆာဂေးဘာဘူရင်၊ ရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူ ကေဆဲနီယာဆိုချက်နှင့် ရုရှားကွန်မြူနစ်ပါတီ အကြီးအကဲ မာဇင် ဆူရီကင်တို့ ဖြစ်ကြသည်။

ရုရှားဖက်ဒရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲပေးခွင့်ရှိသူ နိုင်ငံသားများက တိုက်ရိုက်မဲပေးသည့်စနစ်ဖြင့် သမ္မတကို ရွေးချယ်တင်မြှောက်ပြီး သမ္မတ၏ ရာထူးသက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနှင့် တရုတ်စစ်သည်များ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်

**ကမ်ပေါင်စပီယူ (ကမ္ဘောဒီးယား) မတ် ၁၈**

ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေး ပူးတွဲလေ့ကျင့်မှုကို ကမ္ဘောဒီးယားနိုင်ငံ မာရက်စ်ပရော့တောင်တန်းဒေသရှိ လေ့ကျင့်ရေးကွင်းတစ်ကွင်း၌ မတ် ၁၇ ရက်တွင် စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွှေနဂါး-၂၀၁၈ ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုတွင် ကမ္ဘောဒီးယားတော်ဝင်တပ်မတော်မှ စစ်သည် ၂၈၀ ခန့်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ စစ်သည် ၂၁၆ ဦးတို့ပါဝင်ကြပြီး အဆိုပါစစ်ရေးလေ့ကျင့်မှုကို မတ် ၃၁ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ရေး ဆက်ဆံမှုထူထောင်မှု နှစ် ၆၀ ပြည့်အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပိုလ်ဆာရွှန်းက ပြောကြားသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်နှင့် အတွေ့အကြုံချင်းဖလှယ်နိုင်ရန် ပူးတွဲလေ့ကျင့်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့၏တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်သော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြီး ကျန်းရွှေက ပြောကြားသည်။

ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သည် ပထမအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့ကြသည်။ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ကမ်ပေါင်စပီယူပြည်နယ်ရှိ ကြည်းတပ်ကောလိပ်တွင် ပြုလုပ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီရေးလုပ်ငန်းတို့အတွက် လေ့ကျင့်ခဲ့ကြသည်။

**ဆင်ဟွာ**

# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဩဝါဒါစရိယ ပန္နရသမ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိဇ္ဇောတမဟာထေရ်မြတ်အား ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နိုင်ငံတော် ဩဝါဒါ စရိယ ပန္နရသမ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိဇ္ဇောတမဟာထေရ်မြတ်အား ပူဇော်ပွဲနှင့် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ် ထပ်ဆင့်ဆက်ကပ် ပူဇော်သည့် ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပန္နရသမ ရွှေကျင် နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇ္ဇောတ မဟာထေရ်မြတ်ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ် များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မင်္ဂလာဒုံမြို့နယ် ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထား သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပဇ္ဇောတာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဂုဏိသရ ရေးသားပူဇော်သည့် မဟာထေရဂုဏပူဇာဂါထာတော် များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် ပဲခူးမြို့ ဝင်းနိမ္မိတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ က ဖတ်ကြားပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ ပါဠိပါရဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂိသက ရန်ကုန်တိုင်းဒေသကြီး ရွှေကျင်ဝိနည်းပြန်ဌာန၏ ဝမ်းမြောက်ကြောင်း လျှောက်ထား လွှာကို ဖတ်ကြားပူဇော်ပြီး သာသနပါလအသင်းဝင် ဦးသန့်ဇင်က သာသနပါလအသင်း၏ ကျေးဇူးတင်စကားကို လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် နဝကမ္မဝတ္ထုငွေကျပ် သိန်း ၅၀၊ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော် ၃၆ ပါးအတွက် တစ်ပါးလျှင် အလှူငွေကျပ် တစ်သိန်းစီ ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင် များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရထံမှ ပရိသတ်များက အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ည ၇ နာရီတွင် အဆိုပါကျောင်းတိုက်ကြီး၌ သီတဂူ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက တရားရေအေး



အမြိုက်ဆေးတိုက်ကျွေးသည်။

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို မွန်ပြည်နယ် မုဒုံမြို့ စာစဉ်ရပ်၌ ခမည်းတော် ဦးနု-မယ်တော် ဒေါ်ထား တို့က ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၇ ရက် (၅-၃-၁၉၃၀) ခုနှစ် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူပြီး ငယ်အမည်မှာ မောင်သိန်းညွန့်ဖြစ်သည်။ ဆရာတော်အလောင်းအလျာ သည် သက်တော် ၁၃ နှစ်အရွယ်တွင် မုဒုံမြို့ စာစဉ်ရပ် ကျောက်ဝိုင်းကျောင်းတိုက်ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဘဝရောက်ခဲ့သည်။ ဘွဲ့ အမည်မှာ ရှင်ဝိဇ္ဇောတဖြစ်သည်။ ၁၃၁၁ ခုနှစ် နယုန် လဆန်း ၈ ရက်တွင် ရဟန်းဘဝသို့ရောက်ရှိကာ ပရိယတ္တိ စာပေများကို သင်ကြားပို့ချပေးခဲ့သည်။

၁၃၇၆ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက် သာသနာပိုင်)အဖြစ်လည်းကောင်း၊ ၁၃၇၈ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ(ရွှေကျင်သာသနာပိုင်)အဖြစ်လည်းကောင်း တင်မြှောက်ပူဇော်ခံရကာ ၁၃၇၉ ခုနှစ်တွင် နိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုခံယူတော်မူပြီး သာသနာတော်အကျိုး၊ သံဃာ့အကျိုး၊ ရွှေကျင်ဂိုဏ်းအကျိုးတို့ကို သယ်ပိုးဆောင် ရွက်တော်မူလျက်ရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဆက်အောင် မော်ရိုကိုနိုင်ငံ၌ကျင်းပသည့် ဆွေးနွေးပွဲများသို့ တက်ရောက်

**Dakhla မတ် ၁၈**

မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင် အဖြစ် လိုက်ပါလာသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်သည် မတ် ၁၇ ရက် တွင် မော်ရိုကိုနိုင်ငံ Dakhla မြို့ Dakhla's Congress Center ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ၏ ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် International Conference Urban Global Management ခေါင်းစဉ်နှင့် Migration: Development and Opportunity Factor ခေါင်းစဉ်တို့ကို ဆွေးနွေးကြသည်။

Migration: Development and Opportunity Factor နှင့်ပတ်သက်



သည့် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဆက်အောင်က Migrationကို ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဘဲ အခွင့် အလမ်းတစ်ခု ဖြစ်လာစေရန်အတွက် Migration မူဝါဒများဖြင့် လုံလောက်မှုမရှိဘဲ ပြီးပြည့်စုံသည့် လူမှုစီးပွား ဘဝမူဝါဒများရှိရန်လိုအပ်ကြောင်း၊ သို့မှသာ Migration နှင့် ဖွံ့ဖြိုး တိုးတက်မှုကို ချိတ်ဆက်နိုင်မည်ဖြစ်ပြီး Brain Drain များကို Brain Gain များအဖြစ် ပြောင်းလဲနိုင်မည်ဖြစ် ကြောင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများသို့ မော်ရိုကိုနိုင်ငံ၏ မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ဆွေးနွေး ခဲ့ကြသည်။ **သတင်းစဉ်**

## ဦးသာအောင်ညွန့်အား မာရှယ်ကျွန်းစုသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာ အောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မာရှယ်ကျွန်းစု သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ် သည်။

## ဦးကိုကိုရှိန်အား အဇာဘိုင်ဂျန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အဇာဘိုင်ဂျန် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

*** ကျောဖုံးမှ**

ယင်းနောက် သတင်းမီဒီယာအဖွဲ့ဝင်များသည် စခန်းအတွင်းရှိ ပြန်လည် ဝင်ရောက်လာသူများ ခေတ္တတည်းခိုမည့် အိပ်ဆောင်များ၊ စိစစ်လက်ခံရေး အဖွဲ့များ၏ ရုံးခန်းများဖွင့်လှစ်ထားမှုနှင့် နှစ်နိုင်ငံနယ်စပ်တံတားတို့ကို ကြည့်ရှု သတင်းရယူကြသည်။

ထို့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများကို သွားရောက်တွေ့ဆုံ၍ ၎င်းတို့၏ ရောက်ရှိနေထိုင်မှုနှင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရေးအပါအဝင် သိရှိလိုသည်များကို လွတ်လပ်စွာမေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ အင်းဒင်ကျေးရွာသို့ ရောက်ရှိကြပြီး အကြမ်းဖက်ခံခဲ့ရမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံများကို လွတ်လပ်စွာမေးမြန်း သတင်းရယူကြသည်။ ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သူရဇော်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုရာ၌ Set top Box များ၊ DVB-T2 TV များအား ပြန်လည်ဖမ်းယူ ကြည့်ရှုခြင်းဆောင်ရွက်နိုင်ရန် အသိပေး

**နေပြည်တော် မတ် ၁၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုတွင် ရုပ်သံလိုင်းအသစ် ငါးလိုင်းကို မကြာမီထည့်သွင်း ထုတ်လွှင့်တော့မည်ဖြစ်သည်။ ယခုအခါ ပထမဦးဆုံး တိုးချဲ့ရုပ်သံလိုင်းအဖြစ် Mizzima TV ရုပ်သံလိုင်းကို တိုးချဲ့ထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော Digital DVB-T2 စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများကို သက်ဆိုင်ရာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် ထပ်မံတိုးချဲ့ထုတ်လွှင့်မည့် ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် DVB-T2 Set-top Box နှင့် DVB-T2 TV များကို ဖမ်းယူပုံနည်းလမ်းအဆင့်ဆင့်အတိုင်း မတ် ၂၄ ရက်မှ စတင်၍ ပြန်လည်ဖမ်းယူကြပါရန်နှင့် အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ တယ်လီဖုန်း-၀၆၇-၇၉၃၉၅၊ ၀၆၇-၇၉၀၉၀၊ ၀၆၇-၇၉၄၁၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ပိုထူးမယ့် ၂၀၁၈ ခုနှစ် မန်းသင်္ကြန်

## ဘဦး

သင်္ကြန်လို့ ပြောလိုက်တာနဲ့ မန္တလေးသင်္ကြန်က ထူးခြားမှုအပြည့်ရှိနေတယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ တကယ်တော့ မန္တလေးသင်္ကြန်၊ မန်းသင်္ကြန်ဟာ အခုမှ ထူးခြားမှုအပြည့်နဲ့ စည်ကားခဲ့တာမဟုတ်ပါဘူး။ ဦးလေးတွေ၊ အဒေါ်တွေခေတ်ကလည်း စည်ကားခဲ့တယ်။ အဘိုးတွေ၊ အဘွားတွေခေတ်ကလည်း စည်ကားခဲ့တာပါပဲ။ ဒါဆိုရင် ဒီနှစ်မှာ ဘာတွေများပိုပြီးထူးခြားဦးမှာမို့လဲ။

အနီးဆုံးပြောရမယ်ဆိုရင် မနှစ်က လမ်းလျှောက်သင်္ကြန်ကို မှတ်မိကြမှာပါ။ တကယ်ကိုထူးခြားမှုတွေနဲ့ ပြည့်နှက်နေတဲ့ မန္တလေးက လမ်းလျှောက်သင်္ကြန်လို့ ပြောမယ်ဆိုရင် ပိုတယ်လို့တော့ထင်ကြမှာ မဟုတ်ပါဘူး။ ရေကစားတယ်။ ဗိုက်ဆာရင် စတုဒိသာစားလို့ရတယ်။ သနပ်ခါးလိမ်းပေးတဲ့သူရှိတယ်။ ထီးတွေမိုးထားတယ်။ တစ်လမ်းလုံး မြန်မာမှုအရုပ်တွေ ချိတ်ထားတယ်။ လမ်းတစ်လျှောက် ကားတွေ၊ ဆိုင်ကယ်တွေမရှိတော့ လွတ်လွတ်လပ်လပ် သွားလာလို့ရတယ်။ လူကြီး လူငယ် ကလေးတွေပါမကျန် လာလည်ကြတာကို တွေ့ရတယ်။ မသန်စွမ်းကလေးတွေ ဝီးချဲနဲ့လာလည်ကြတာတောင် ရှိသေးတယ်။ သင်္ကြန်မှာ မလည်တာကြာပြီဖြစ်တဲ့ ဘိုးဘိုးဘွားဘွားတွေ၊ အိမ်တွင်းပုန်းအပျိုကြီးမမတွေလည်း လာကဲကြသေးတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေလည်း ပျော်ပျော်ကြီးပါဝင်ဆင်နွှဲကြပြီး သင်္ကြန်ရဲ့ အရသာကို ကောင်းကောင်းသိသွားကြတယ်။ တကယ်ကို ပျော်စရာကောင်းခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း မိသားစုနဲ့အတူ လမ်းလျှောက်သင်္ကြန်မှာ ပါဝင်ဆင်နွှဲခဲ့တယ်။ နှစ်နှစ်အရွယ် သမီးလေးကို ချီပိုးလို့ လမ်းလျှောက်သင်္ကြန်မှာ စတုဒိသာဝင်တိုးတယ်။ သနပ်ခါးဝင်အလူးခံတယ်။ ရေပက်ခံတယ်။ လမ်းလျှောက်သင်္ကြန်မှာ ခွက်စုတ်နဲ့ ခွက်စောင်းခုတ်ရေပက်တာမရှိဘူး။ ရေဘောလုံးနဲ့ထုတာမရှိဘူး။ မီးသတ်ပိုက်နဲ့အသကုန်ထိုးပက်တာမျိုးမရှိဘူး။ သပြေခက်နဲ့ရေကစားတယ်။ ရေဖလားနဲ့ရေလောင်းတယ်။ ရေပိုက်လေးတွေနဲ့ ရေပက်တယ်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ အဝင်မခံတော့ ကလေးတွေ၊ လူကြီးတွေ၊ လူငယ်တွေအားလုံး ယာဉ်အန္တရာယ်မရှိဘူး။ လုံခြုံရေးကင်မရာတွေလည်း လမ်းတစ်လျှောက်လုံးမှာ တပ်ဆင်ပြီး စောင့်ကြည့်ပေးနေတယ်။ မန္တလေးသားတွေက လမ်းထိပ်ထွက်ပြီး တစ်ခုခုလုပ်စရာရှိရင်တောင် လမ်းမလျှောက်ဘဲ ဆိုင်ကယ်လေးနဲ့သွား ကြတာဆိုတော့ တစ်မိုင်ကျော်လောက်တော့ လမ်းလျှောက်နိုင်ဖို့အတွက် အတော်လေးကို ကြိုးစားကြရမယ်ထင်ခဲ့တာ။ ဒါပေမယ့် ပျော်ရင်းပါးရင်းနဲ့ပဲ မောရကောင်းမှန်းမသိ၊ လျှောက်လို့ လျှောက်မှန်းမသိဘဲ စိတ်လှုပ်ရှားမှုတွေနဲ့အတူ လမ်းလျှောက်သင်္ကြန်ကို ပျော်ပျော်ပါးပါးကြီး ဖြတ်သန်းခဲ့ကြတယ်။

ဒီနှစ်မန္တလေးသင်္ကြန်ဟာ မနှစ်က သင်္ကြန်လိုပဲ လမ်းလျှောက်သင်္ကြန်ပါမယ်။ ဒ့ါအပြင် သင်္ကြန်တွင်း နေ့ခင်းတွေမှာ ပျော်ပြီး ညပိုင်းမှာ သွားလည်စရာနေရာတစ်ခုအဖြစ် တောသင်္ကြန်ညဈေးကို ဖန်တီးပေးထားပါတယ်။

တောသင်္ကြန်ညဈေးမှာ မြန်မာ့ရိုးရာ အစားအစာတွေ၊ အထူးသဖြင့် မန္တလေးဒေသက နာမည်ကြီး အစားအစာတွေ ရောင်းချတဲ့ဆိုင်တွေပါမယ်။ ရိုးရာအမှတ်တရ ပစ္စည်းတွေ ရောင်းတာတွေပါမယ်။ ပျော်ရွှင်ပွဲ၊ ကြည့်ချင်စရာတွေအနေနဲ့ ဟိုးရှေးတစ်ခေတ်က ရုပ်ရှင်ပိတ်ကားထောင်ပြီး ရှေးကရုပ်ရှင်ပြစက်နဲ့ ရှေးတုန်းက ဇာတ်ကားတွေကို ပြန်ပြတာမျိုး၊ ရုပ်ကြိုးစင်၊ ဆင်က၊ ခြင်းလုံးအလှစတဲ့ ဧည့်ခံဖျော်ဖြေမှုတွေလည်း ပါမယ်။

တောသင်္ကြန်ညဈေးမှာ ဈေးရောင်းချင်သူတွေအတွက် ဆိုင်တွေခင်းတာကို အခမဲ့ခင်းခွင့်ရကြမယ်။ ဆိုင်တွေအတွက် မီးတွေလည်း ထွန်းပေးထားမယ်။ တောသင်္ကြန်ညဈေးလုပ်မယ့် ၆၆ လမ်း၊ ၁၉ လမ်းကနေ ၂၄ ကြား အဲဒီလမ်းတစ်လျှောက်မှာ မီးရောင်စုံအလှတွေလည်း ထွန်းညှိပေးဖို့ ပြင်ဆင်ထားပါတယ်။

တောသင်္ကြန်ညဈေးကို စီစဉ်ဖြစ်ပုံနဲ့ပတ်သက်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးကျော်ဆန်းမြင့်က "မနှစ်က မန္တလေးမှာ လမ်းလျှောက်သင်္ကြန်လုပ်ပါတယ်၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေလည်း တော်တော်များများလာကြတယ်၊ သူတို့က ဘာအကြံပြုသလဲဆိုတော့ ညပိုင်းမှာ သွားလာလည်ပတ်စရာ၊ မြန်မာ့ယဉ်ကျေးမှုကို လေ့လာစရာတစ်ခုလောက် ထပ်ဖြည့်နိုင်ရင် ကောင်းမယ်လို့ အကြံပြုပါတယ်၊ ရပ်ဝေးကလာတဲ့ မြန်မာနိုင်ငံအတွင်းက မိတ်ဆွေတချို့လည်း ဒီနှစ်မှာ တစ်ခုခုထပ်ဖြည့်ပြီး လုပ်ပေးစေချင်တယ်လို့ အကြံပြုတာကို ဆောင်ရွက်တဲ့အနေနဲ့ အခုလိုသင်္ကြန်ညဈေးလေးကို ဖော်ဆောင်တာပါ"ဟု ပြောသည်။

ဒါနဲ့တင် သင်္ကြန်ကာလကို မန္တလေးမှာ ဖြတ်သန်းဖို့အတွက် ရင်ခုန်စရာကောင်းနေပါပြီ။ မန္တလေးသင်္ကြန်က နန်းမြို့ရိုး ကျုံးပတ်လည်ကို အခြေပြုပြီး ခေတ်အဆက်ဆက် ရေကစားခဲ့ကြတာပါ။ ဟိုအရင်တုန်းက မြို့ထဲရပ်ကွက်တွေမှာ စင်မဏ္ဍပ်တွေထိုး၊ အုန်းလက်မဏ္ဍပ်တွေထိုးလို့





ဒီနှစ်မန္တလေးသင်္ကြန်ဟာ မနှစ်က သင်္ကြန်လိုပဲ လမ်းလျှောက်သင်္ကြန်ပါမယ်။ ဒ့ါအပြင် သင်္ကြန်တွင်း နေ့ခင်းတွေမှာ ပျော်ပြီး ညပိုင်းမှာ သွားလည်စရာနေရာ တစ်ခုအဖြစ် တောသင်္ကြန်ညဈေးကို ဖန်တီးပေးထားပါတယ်။ တောသင်္ကြန်ညဈေးမှာ မြန်မာ့ရိုးရာ အစားအစာတွေ၊ အထူးသဖြင့် မန္တလေးဒေသ က နာမည်ကြီး အစားအစာတွေ ရောင်းချတဲ့ ဆိုင်တွေပါမယ်။ ရိုးရာ အမှတ်တရ ပစ္စည်းတွေ ရောင်းတာတွေပါမယ်။ ပျော်ရွှင်ပွဲ၊ ကြည့်ချင်စရာတွေအနေနဲ့ . . .

ရပ်ကွက်အလိုက် တပျော်တပါး ရေကစားခဲ့ကြတာ။ နောက်ပိုင်းမှာတော့ မန္တလေးသင်္ကြန်ဟာ နန်းမြို့ရိုး ကျုံးပတ်လည်မှာပဲ စည်ကားပြီး ကျုံးသင်္ကြန်ဖြစ်လာတယ်။ အခုအစိုးရသစ်လက်ထက် မနှစ်တုန်းကလည်း ကျုံးပတ်လည်ကို အခြေပြုပြီး လမ်းလျှောက်သင်္ကြန် ဖော်ဆောင်ခဲ့တယ်။ ဒီနှစ်တော့ တောသင်္ကြန်ညဈေးကို ကျုံးအရှေ့ဘက်မှာ ဖော်ဆောင်ကြပါမယ်။

နောက်ပြီး မန္တလေးသင်္ကြန်မှာ မြန်မာကာတွန်းဆရာတွေရဲ့ ကာတွန်းလက်ရာကောင်းတွေကို ပြသမယ့် အစီအစဉ်လည်းရှိပါတယ်။ ရေစိုခံကာတွန်းပြကွက်ကို လမ်းလျှောက်သင်္ကြန်မှာ စီစဉ်ထားတာပါ။ လာရောက်ကြည့်ရှုသမျှ ပရိသတ်အားလုံးကို ကာတွန်းစတုဒိသာ ကျွေးမွေးဧည့်ခံမယ်လို့ ဆိုသဗျာ။ ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက်လည်း Selfie ရိုက်လို့ရမယ့် အမှတ်တရ နေရာလေးတွေကိုလည်း ဖန်တီးပေးထားဦးမှာပါ။ နန်းမြို့ရိုး ကျုံးအရှေ့ဘက် ၂၅ လမ်းကနေ ၂၆ လမ်းအထိ ဈေးဆိုင်တန်းတွေလည်း ရှိဦးမယ်။ ကျုံးအနောက်ဘက်နဲ့ မြောက်ဘက်မှာ မိသားစုရေကစားတဲ့နေရာတွေလည်း စီစဉ်ပေးဦးမှာပါ။ မနော်ရမ္မံမှာ မနှစ်ကလိုပဲ လူငယ်တွေ လွတ်လွတ်လပ်လပ် ရေကစားပျော်ပါးဖို့အတွက်လည်း လူငယ်တွေအကြိုက် နာမည်ကျော်တီးဝိုင်း၊ အဆိုတော်တွေရဲ့ ဖျော်ဖြေမှုတွေပါဦးမယ်။ ရပ်ကွက်တွေက တစ်နေ့တစ်မျိုးမရိုးနိုင်တဲ့ စတုဒိသာကျွေးမွေးတာတွေကိုလည်း မြို့ပတ်လည်ရင်း ဝင်စားလို့ရသေးတယ်။ ငရုတ်သီးအစိမ်းတောင့်နဲ့ မုန့်လုံးရေပေါ်လည်း စားမိနိုင်သေးတယ်နော်။

မန်းသင်္ကြန်လို့ဆိုလိုက်တာနဲ့ မြို့မငွေငန်းအလှပြ ဖျော်ဖြေရေးယာဉ်ကိုလည်း ပြေးမြင်မိမှာပါပဲ။ ဒီနှစ် မန်းသင်္ကြန်မှာ မြို့မအပျော်တမ်းတေးဂီတအဖွဲ့ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှာ ဖျော်ဖြေပါမယ်။ ငွေငန်းအလှပြဖျော်ဖြေရေးယာဉ်နဲ့လည်း အစဉ်အလာမပျက် မြို့ထဲလှည့်လည်ဖျော်ဖြေပေးမှာပါ။

ဒီနှစ်ကျုံးဘေးမှာ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်တွေကို နေရာချထားဖို့စီစဉ်ထားရာမှာ ကျုံးပတ်လည် (ပေ ၁၀၀ × ၂၅ ပေ) ရေကစားမဏ္ဍပ်ကြီးတွေကို ၆၆ လမ်း၊ ၁၂လမ်းကနေ ၁၉ လမ်းအထိ ငါးနေရာ၊ လမ်း ၈၀၊ ၁၉ လမ်းကနေ ၂၆ လမ်းအထိ ကိုးနေရာ၊ ၁၂ လမ်း၊ ၆၆လမ်းမှ လမ်း ၈၀ အထိ ၁၀နေရာ ချထားဆောင်ရွက်သွားဖို့ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီကနေ စီစဉ်နေပြီး ၂၆ လမ်း လမ်းလျှောက်သင်္ကြန်မှာ (ပေ ၃၀ × ၁၂ ပေ) ရေကစားမဏ္ဍပ်တွေကို ၆၉ လမ်းကနေ ၇၁လမ်းအထိ ၁၆ နေရာ၊ ၇၃ လမ်းကနေ ၇၈ လမ်းအထိ ၃၅ နေရာ စုစုပေါင်း ၅၁ နေရာ၊ (ပေ ၂၀ × ၁၂ ပေ) ရေကစားမဏ္ဍပ်တွေကို ၆၉ လမ်းကနေ ၇၁ လမ်းအထိ သုံးနေရာ၊ ၇၃ လမ်းကနေ ၇၈ လမ်းအထိ ၁၂ နေရာ၊ စုစုပေါင်း ၁၅နေရာ၊ (၁၀ ပေ × ၁၂ ပေ) ရေကစားမဏ္ဍပ်တွေကို ၆၉ လမ်းကနေ ၇၁ လမ်းအထိ လေးနေရာ၊ ၇၃ လမ်းကနေ ၇၈ လမ်းအထိ ၁၅ နေရာ စုစုပေါင်း ၁၉ နေရာ ချထားပေးမယ်လို့ သိရပါတယ်။

နန်းမြို့ရိုး ကျုံးပတ်လည်မှာ မဏ္ဍပ်တွေရှိသလိုပဲ ရပ်ကွက်တွေမှာလည်း မဏ္ဍပ်တွေနဲ့ ရေကစားဖို့ ပြင်ဆင်နေကြတာတွေရှိပါတယ်။ ကန်တော်ကြီးဘက်မှာလည်း မဏ္ဍပ်တွေထိုးလို့ ရေကစားကြဖို့ တာစူနေကြတာတွေရှိသလို ဥပုသ်စောင့်မယ်သူတွေလည်း ရှိပါတယ်။ သင်္ကြန်တွင်း တရားစခန်းဝင်မယ့်သူတွေလည်း ရှိပါတယ်။ အိမ်ထဲကအိမ်ပြင်မထွက် ရေစိုခံရမှာကြောက်တဲ့သူတွေလည်း ရှိနေမှာပါ။

မန်းသင်္ကြန်ကို အလည်လာမယ်ဆိုရင် နွေရာသီမှာ အပူဒဏ်တော့ခံစားရနိုင်ပေမယ့်လည်း မန္တလေးမြို့မှာ အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုတွေရှိတယ်။ သမိုင်းမှတ်တမ်း၊ သမိုင်းဝင်နေရာ၊ သမိုင်းကြောင်းတွေရှိတယ်။ စေတီကျောင်းကန်တွေနဲ့ သာသနာတော်ထွန်းကားရာ အရပ်လည်းဖြစ်တယ်။ အစားအသောက်ကောင်းတွေ ရှိတယ်။ လက်မှုပညာနဲ့ အိမ်အပြန်လက်ဆောင်ဝယ်လို့ ကောင်းတယ်။ အလည်သက်သက်လာမယ့်သူတွေ အတွက်လည်း အဆင်ပြေတယ်။ သမိုင်းလေ့လာချင်သူတွေ၊ သုတေသနလုပ်ချင်သူတွေ၊ စူးစမ်းချင်တဲ့သူတွေ အတွက်လည်း အဆင်ပြေပါတယ်။

မန္တလေးမြို့ဟာ မြန်မာတို့ရဲ့ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရာနေရာ သမိုင်းအမွေအနှစ်များစုစည်းရာနေရာ ဖြစ်လေတော့ ပြည်တွင်း ပြည်ပခရီးသွားများအတွက် မြန်မာရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးမှာ ပါဝင်ရင်း သမိုင်းအမွေအနှစ်တွေကိုပါ လေ့လာခွင့်ရကြမှာပါ။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကလည်း သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနဲ့အညီဖြစ်စေရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ငြိမ်းချမ်းမှုရှိစေရေးနဲ့ စည်စည်ကားကား ဖြစ်စေရေးတို့အတွက် သင်္ကြန်အစည်းအဝေးမှာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

မန်းဆန်တဲ့မန်းသင်္ကြန်ဖြစ်တဲ့ မန္တလေးသင်္ကြန်ဟာ မန္တလေးသူ မန္တလေးသားတွေရဲ့ နှလုံးသားကို ဆွဲကိုင်နိုင်ရုံတင်မက ပြည်တွင်းကဧည့်သည်တွေ၊ နိုင်ငံတကာက ဧည့်သည်တွေလည်း ပျော်ရွှင်ကြည်နူးပြီး ကျေနပ်ခဲ့ကြရပါတယ်။ အမှတ်တရများစွာရရှိစေပြီး ပိုထူးမယ့် ဒီနှစ် မန္တလေးသင်္ကြန်ကို လာလည်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ။

# Other Account မှ ဘဏ္ဍာငွေများ

**■ သက်ဇင်မိုး/ရှင်မင်း**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ထဲတွင် မြန်မာကျပ်ငွေ ထရီလီယံများစွာရှိနေသည်ဟု ပြောလိုက်လျှင် ပြည်သူများအနေဖြင့် ဒီလောက်များပြားတဲ့ ပိုက်ဆံတွေ ဘာကြောင့်ရှိနေတာလဲ၊ ဘာအတွက်လဲ၊ ဘာလုပ်ဖို့လဲစသည်ဖြင့် မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့် အပြည့်အစုံမဟုတ်သော စာရင်းအခေါ်အဝေါ်တစ်ခုကြောင့် ပြည်သူ့ယုံကြည်မှု မယွင်းစေလိုပါ။

**Other Account ဆိုသည်မှာ**

Other Account ၏ အမည်အပြည့်အစုံမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) - Union Fund Account- Other Account-UFA OA ဖြစ်ပါသည်။ လွယ်လွယ်ဖြင့် Other Account ဟု ခေါ်ခြင်းသာ ဖြစ်ပါသည်။ ထိုစာရင်းမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဌာနဆိုင်ရာငွေထုတ်စာရင်းဖြစ်သော MD Account (Ministries and Department Account) အပြင် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက်တောင်းခံ၍ ထပ်မံဖွင့်လှစ်သော အခြားစာရင်းရှင်များ ဖြစ်ပါသည်။

UFA (OA) များကို နှစ်မျိုးနှစ်စား ခွဲခြားတွေ့နိုင်ပါသည်။ အဓိကအားဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ UFA (OA) နှင့် အခြားလုပ်ငန်းလိုအပ်ချက်အရ ဖွင့်လှစ်ရသော UFA (OA) များဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ဦးစီးဌာနများ၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မည်သူမဆို ဖွင့်လှစ်နိုင်သောစာရင်းဖြစ်ပြီး ပထမအမျိုးအစားမှာ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများကသာ ဖွင့်လှစ်ခွင့်ရှိသော စာရင်းဖြစ်ပါသည်။ ဒုတိယအမျိုးအစားတွင် ချေးငွေ/ ထောက်ပံ့ငွေ စီမံကိန်းအရ ဖွင့်လှစ်ရသော UFA (OA)၊ သီးခြားထားရှိသုံးစွဲရသော ပညာရေးအသုံးစရိတ်၊ ကျန်းမာရေးအသုံးစရိတ်တို့အတွက် ဖွင့်လှစ်ရသော UFA (OA)၊ လှူဒါန်းမှုများအတွက် ဖွင့်လှစ်ရသော UFA (OA) စသည်ဖြင့် အမျိုးအစားစုံလင်ပေသည်။ ၎င်းတို့အားလုံးကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းက ၎င်းတို့သဘောဖြင့် ဖွင့်လှစ်၍မရဘဲ ဘဏ္ဍာရေးစည်းမျဉ်းအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဖွင့်လှစ်ရပြီး လုပ်ငန်းပြီးသည့်အခါ ပြန်လည်ပိတ်သိမ်းရပါသည်။

အခွင့်သာ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများလည်ပတ်ရန် Other Account ဟု ခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) အကြောင်းကို တင်ပြလိုပါသည်။

ရှေးဦးစွာတင်ပြလိုသည်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ဟု ခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) သည် ဘတ်ဂျက်တွင်ပါဝင်ခြင်းဖြစ်ပါသည်။ ၎င်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ စာရင်းတစ်ခုမဟုတ်ပါ။ ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ငွေများကို သက်ဆိုင်ရာနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိပါ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့်သာ သုံးစွဲခွင့်ရှိပါသည်။ သုံးစွဲမှုကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။

ထို့ပြင် Other Account ရှိငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရသာ သုံးစွဲခွင့်ရှိပါသည်။ ထို့ကြောင့် Other Account သည် ပြည်သူ့ဘဏ္ဍာအဖြစ် လွှတ်တော်၏ ထိန်းကျောင်းမှုရှိသည့် စာရင်းဖြစ်ပါသည်။

**Other Account ကို ထိန်းကျောင်းမှုအဆင့်ဆင့်**

Other Account ရှိ ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် အဆင့်ဆင့်ထိန်းကျောင်းထားပါသည်။ Other Account တွင်ရှိသည့် ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရပါသည်။ ရေးဆွဲပြီးဘတ်ဂျက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ စိစစ်မှုခံယူရပါသည်။ ထို့နောက် ဘဏ္ဍာရေးကော်မရှင်သို့ ထပ်မံတင်ပြကာ ဘဏ္ဍာရေးကော်မရှင်က စိစစ်အတည်ပြုထောက်ခံပါက နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ကာ ပြည်ထောင်စုလွှတ်တော်၏ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲခွင့်ရရှိခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ ဘတ်ဂျက်ဖွဲ့စည်းပုံကိုလည်း တင်ပြလိုပါသည်။ ဘတ်ဂျက်သည် လာမည့်ဘဏ္ဍာနှစ်အတွက် ရငွေ၊ သုံးငွေကို ကြိုတင်စာရင်းပြုစုခြင်းဖြစ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်တွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ (State Economic Enterprises -SEE )ဟူ၍ အဓိက သုံးပိုင်းခွဲခြားထားပါသည်။

**နိုင်ငံတော်၏ဘတ်ဂျက်တွင် ပါဝင်**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEE) ၏ ရငွေ၊ သုံးငွေစာရင်းအားလုံးသည် နိုင်ငံတော်၏ဘတ်ဂျက်တွင် ပါဝင်ပါသည်။ ပြည်ထောင်စုအစိုးရ၏ ရငွေ၊ သုံးငွေများအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (Union Fund Account-UFA) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Union Government Deposit Account- UGDA) ဟူ၍ ဖွင့်လှစ်ဆောင်ရွက်ရပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို လစဉ်စာရင်းပေါင်းချုပ်ကိုက်ညှိခြင်းနှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို လစဉ်ကိုက်ညှိ၍ လချုပ်ချုပ်ဆိုခြင်းတို့ကို မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ဆောင်ရွက်ပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းအောက်တွင် စာရင်းအမျိုးအစားအလိုက် လယ်ဂျာခြောက်မျိုးဖြင့် ဖွင့်လှစ်ထိန်းသိမ်းထားသည့်အနက်မှ Other Account သည် လယ်ဂျာ-၅ အဖြစ် ပါဝင်ပါသည်။

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်တွင် ဖွင့်လှစ်ထားသည့် လယ်ဂျာခြောက်မျိုး**

ဤနေရာတွင် လယ်ဂျာခြောက်မျိုးကိုလည်း ဗဟုသုတအလို့ငှာ တင်ပြချင်ပါသည်။ ၎င်းတို့မှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုချင်းအလိုက် ဖွင့်လှစ်သည့်ငွေထုတ်စာရင်းများ (SEE Account) အဖြစ် လယ်ဂျာ- ၁၊ စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) အဖွဲ့များ၏ ငွေထုတ်စာရင်းများ (Development Committee Account) အဖြစ် လယ်ဂျာ- ၂၊ ဗဟိုအဖွဲ့ အစည်းများ၊ ဝန်ကြီးရုံးများ၊ ဦးစီးဌာနများ၏ဌာနတစ်ခုချင်းအလိုက် ဖွင့်လှစ်သည့် ငွေထုတ်စာရင်းများ (Ministries and Development Account)အဖြစ် လယ်ဂျာ- ၃၊ မြန်မာ့စီးပွားရေးဘဏ်ခွဲမဖွင့်လှစ်နိုင်သည့်နေရာများတွင် ဖွင့်လှစ်ထားသော ဘဏ်ငွေတိုက်ခွဲများရှိ စာရင်းများအဖြစ် လယ်ဂျာ- ၄၊ စာရင်းရှင်အပ်ငွေစာရင်းများ(Other Accounts)အဖြစ် လယ်ဂျာ- ၅ နှင့် လှည့်ပတ်ရန်ပုံငွေစာရင်းရှင်များ ( Revolving Fund Account) အဖြစ် လယ်ဂျာ-၆ ဟူ၍ ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲများက Other Account ငွေစာရင်းအပါအဝင် အထက်ဖော်ပြပါ လယ်ဂျာ- ၁ မှ ၆ အထိ အစိုးရစာရင်းအားလုံးကို တစုတစည်းတည်း စုပေါင်းကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အသားတင်လိုငွေ၊ ပိုငွေဖော်ထုတ်ရေးဆွဲ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Union Government Deposit Account) နှင့် လစဉ်စာရင်းရှင်းလင်းခြင်းကို ဆောင်ရွက်ရပါသည်။

အဆိုပါ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ဝင်ရောက်လာသောငွေများမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပိုငွေဖြစ်သည့်အခါ ရရှိလာသောငွေများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊ အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်ရောင်းချရငွေများ ဖြစ်ပါသည်။ အဆိုပါစာရင်းမှ ထွက်သွားမည့်ငွေများမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ထည့်ဝင်ငွေ ပိုမိုထည့်ဝင်မိသည့်အခါ ပြန်အမ်းငွေများ၊ ငွေတိုက်စာချုပ်/ငွေတိုက်လက်မှတ်များ၊ ရွေးနှုတ်ငွေများ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုအစိုးရက ထောက်ပံ့သည့်ငွေများ စသည်တို့ဖြစ်ပါသည်။ အဆိုပါစာရင်းများ၏ အဝင်အထွက်သည် အမြဲရှိနေပြီး ပိုငွေပေါ်ပေါက်သည့်လရှိသကဲ့သို့ လိုငွေပေါ်ပေါက်သည့်လလည်း ရှိပါသည်။ ပိုငွေပေါ်ပေါက်ပါက ငွေတိုက်စာချုပ်/ ငွေတိုက်လက်မှတ်များကို ပြန်လည်ရွေးနှုတ်ရန် စဉ်းစားနိုင်ပါသည်။ လိုငွေပေါ်ပေါက်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များရယူ၍ ဖြည့်ဆည်းထားပေးပါသည်။

**Other Account လက်ကျန်၏သဘော**

အထက်တွင်ဖော်ပြသည့်အတိုင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ရှိ ရငွေ၊ သုံးငွေများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားသည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ရောက်ရှိလာပါသည်။ တစ်နည်းအားဖြင့် Other Account ရှိ လက်ကျန်ငွေများသည် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ အဝင်အထွက်ပြုလုပ်ပြီးသော ငွေများဖြစ်ပါသည်။

**❝ လက်ကျန်ဖြစ်ပေါ်သည့် ဘဏ္ဍာငွေသည် ငွေသားကျန်အဖြစ်မရှိသော ဘဏ်လက်ကျန်အဖြစ်သာ စာရင်းပေါ်နေသောငွေဖြစ်ပါသည်။ OA လက်ကျန်စာရင်းသည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ တစ်ခုချင်းစီ၏ ရရန်ပိုင်ခွင့်အဖြစ် စာရင်းဖော်ထားပေးပြီး နိုင်ငံတော်မှ ပေးရန်တာဝန်အဖြစ် စာရင်းဖော်ထားပေးပါသည်။❞**

အမှန်စင်စစ်အားဖြင့် Other Account ရှိ ဘဏ္ဍာငွေများသည် စာရင်းအားဖြင့်သာ ဘဏ်လက်ကျန်အဖြစ်ကျန်ရှိနေခြင်းလည်းဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ဝင်ရောက်လာချိန်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတစ်ခုလုံး၏ အသားတင်ပိုငွေအဖြစ်ဝင်လာခြင်းဖြစ်ပြီး အသားတင်လိုငွေဖြစ်ပါက ဗဟိုဘဏ်မှ ငွေတိုက်လက်မှတ်အာမခံယူ၍ ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ OA စာရင်းရှိ ငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပေါင်းချုပ်ရာတွင် ထည့်သွင်းတွက်ချက်ပြီး ဖြစ်ပါသည်။ စာရင်းအရ လက်ကျန်ပေါ်နေခြင်းသာဖြစ်ပြီး နိုင်ငံတော်က သုံးစရာရှိသည်များကို သုံးထားပြီးသား ဖြစ်ပါသည်။

နိုင်ငံတော်၏ ဘတ်ဂျက်ပကတိအခြေအနေမှာ ရငွေထက် သုံးငွေကပိုသဖြင့် လိုငွေဖြစ်ပေါ်နေသည့် အနေအထားတွင် ရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ရှာဖွေသော OA ရငွေများအပါအဝင် ရငွေစုစုပေါင်းသည် သုံးငွေစုစုပေါင်းကို ကာမိမှုမရှိပါ။ ယင်းသို့ ဖြစ်ရခြင်းမှာလည်း နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အသုံးစရိတ်များကို သုံးစွဲနေရသည့်အတွက် ဖြစ်ပါသည်။

ဥပမာဖြင့်တင်ပြရပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ မူလအရအသုံးခန့်မှန်းခြေငွေစာရင်းကို ကြည့်လျှင် အခွန်အကောက်နှင့် အခြားရငွေ ကျပ် ၁၂၂၃၂ ဘီလီယံနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ရငွေကျပ် ၄၃၇၃ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စု၏ ရငွေစုစုပေါင်းသည် ကျပ် ၁၆၆၀၅ ဘီလီယံဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ သုံးငွေစုစုပေါင်းမှာ ကျပ် ၂၀၅၉၄ ဘီလီယံဖြစ်ပါသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအရ အခွန်အကောက်နှင့် အခြားရငွေကျပ် ၆၀၅၄ ဘီလီယံနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ရငွေကျပ် ၂၄၃၈ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စု၏ ရငွေစုစုပေါင်းသည် ကျပ် ၈၄၉၂ ဘီလီယံဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ သုံးငွေစုစုပေါင်းမှာ ငွေကျပ် ၁၀၆၇၈ ဘီလီယံ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွက် လိုငွေကျပ် ၂၁၆၈ ဘီလီယံ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကယ်၍ အဆိုပါရငွေများတွင် OA စာရင်းများ ပါဝင်မှုမရှိပါက လိုငွေကျပ် ၂၆၃၈ ဘီလီယံဖြစ်ပေါ်ကာ လိုငွေပိုများမည်ဖြစ်ပါသည်။

**စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန်**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ကုန်ကြမ်းလိုအပ်ချက်များ၊ ဈေးအပြောင်းအလဲများ အစရှိသဖြင့် ပြောင်းလဲမှုများပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရန် Other Account ထားရှိစေခြင်းလည်းဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးအမြင်ဖြင့် တစ်နည်းဆိုရသော် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် Other Account ထားရှိရခြင်းဖြစ်သည်။ Other Account ကို ယခင်အစိုးရလက်ထက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၃၂ ခု ရှိပါသည်။ အဆိုပါလုပ်ငန်းများမှ ရရှိလာသည့် ရငွေအားလုံးကို OA စာရင်းသို့ ထည့်ဝင်ရပါသည်။ OA စာရင်းမှ ထုတ်ယူသုံးစွဲရာတွင် ဘတ်ဂျက်တွင်ပါဝင်သော အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်းမှသာ ထုတ်ယူသုံးစွဲရမည် ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုချင်းစီ၏ ဘဏ္ဍာရေးအခြေအနေ အရှုံး၊ အမြတ် စာရင်းဖော်ပြချက်များကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ ပူးတွဲပေးပို့တင်ပြရပါသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တိုင်းတာစစ်ဆေးရန်နှင့် စောင့်ကြည့်ကြပ်မတ်ရန် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် စောင့်ကြည့်ကြပ်မတ်မှုလက်စွဲ ထုတ်ပြန်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍လည်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး စီမံချက်အောက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းကိုလည်း ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့် တင်ပြရသော် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ OA စာရင်းရှိ လက်ကျန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းမှ စာရင်းများဖြစ်ပါသည်။ ထိုလက်ကျန်များကို ၎င်းတို့က လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခြင်းမရှိပါ။ ပြည်ထောင်စုအစိုးရကိုယ်စား ဆောင်ရွက်ရသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကသာ စီမံခန့်ခွဲဆောင်ရွက်နိုင်ပါသည်။ OA စာရင်းရှိ လက်ကျန်ငွေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ခွဲဝေပေးသည့်အတိုင်းသာ သုံးစွဲခွင့်ရှိပါသည်။ အဆိုပါ OA စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ UFA (OA) စာရင်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏အစိတ်အပိုင်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါသည်။ OA စာရင်းသို့ ဝင်ရောက်သောရငွေများကို ဘတ်ဂျက်တွင် အခြားရငွေများနှင့်အတူ ခွဲဝေသုံးစွဲပြီးဖြစ်ပါသည်။ ထို့ကြောင့် လက်ကျန်ဖြစ်ပေါ်သည့် ဘဏ္ဍာငွေသည် ငွေသားကျန်အဖြစ်မရှိသော ဘဏ်လက်ကျန်အဖြစ်သာ စာရင်းပေါ်နေသောငွေဖြစ်ပါသည်။ OA လက်ကျန်စာရင်းသည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ တစ်ခုချင်းစီ၏ ရရန်ပိုင်ခွင့်အဖြစ် စာရင်းဖော်ထားပေးပြီး နိုင်ငံတော်မှ ပေးရန်တာဝန်အဖြစ် စာရင်းဖော်ထားပေးပါသည်။

အကယ်၍ ထိုလက်ကျန်ကို ထို SEE သို့ပေးမည်ဟု ဆုံးဖြတ်သည်ဆိုပါစို့၊ ထိုအခါ နိုင်ငံတော်သည် သုံးထားပြီးဖြစ်နေ၍ အခြားနေရာမှ ရှာကြံပြီးပေးရမည်ဖြစ်တော့သည်။ ထိုသို့ရှာကြံရန်မှာ အစိုးရငွေတိုက်စာချုပ်များ/ငွေတိုက်လက်မှတ်များ၊ ရောင်းချရရှိငွေများဖြင့် ပေးရမည်။ ထိုအခါ နိုင်ငံတော်အပေါ် ပြည်တွင်းကြွေးမြီ ထပ်မံတင်ရှိလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့တို့၏ ချစ်ကြည်ရေးရန်ပုံငွေ မြှင့်တင်ရေးဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း တက်ရောက်




**ရန်ကုန် မတ် ၁၈**

မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့တို့၏ ချစ်ကြည်ရေးရန်ပုံငွေမြှင့်တင်ရေးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

ရှေ့ဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ Ms. Keiko Irisawa နှင့် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ချစ်ကြည်ရေးရန်ပုံငွေမြှင့်တင်ရေး ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို တက္ကသိုလ်ညွှဲ့ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ၏ဇနီး ဒေါက်တာရွှေလွှမ်းက မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ Ms. Keiko Irisawa က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးကင်းထောက်ငယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့တို့က ရောင်းချနေသော ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုဝယ်ယူအားပေးကြသည်။

ယနေ့ဈေးရောင်းပွဲတော်မှ ရရှိငွေများကို ဂျပန်နိုင်ငံတွင်ကျင်းပမည့် အိုဆာကာ ကင်းထောက်အမျိုးသမီးအဖွဲ့၏ နှစ်(၇၀)ပြည့် အပြည်ပြည်ဆိုင်ရာကင်းထောက်များ စခန်းချပွဲသို့ မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့မှ အုပ်ချုပ်သူ ခေါင်းဆောင်တစ်ဦး၊ အမျိုးသမီးကင်းထောက်ငယ် ခြောက်ဦး စုစုပေါင်း ခုနစ်ဦး တက်ရောက်ရန် ဖိတ်ကြားခံရသဖြင့် ၎င်းခုနစ်ဦးအတွက် လိုအပ်သည်များအသုံးပြုရန် လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးရန်ပုံငွေမြှင့်တင်ရေး ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးအေးမြင့်၊ မြန်မာကင်းထောက်အမျိုးသားအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်အမျိုးသမီးငယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့ ဆက်လက်ကျင်းပ၊ လာရောက်လေ့လာသူများဖြင့်စည်ကား



**ရန်ကုန် မတ် ၁၈**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းကစတင်ကာ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပရဟိတအဖွဲ့များက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့်ပြခန်းများ ဖွင့်လှစ်ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

သန်လျင်မြို့နယ်မှ လိင်ပညာပေးနှင့်ပတ်သက်ပြီး ပြခန်းလာရောက်ဖွင့်လှစ်ပြသသည့် မြင့်မိုရ်မေတ္တာ-ခိုနားရာ၊ Single Mother Foundation မှ ဒေါက်တာမြတ်စန္ဒာသန့်က "ကျွန်မတို့ ဖောင်ဒေးရှင်းက ဒီအခမ်းအနားမှာ လိင်ပညာပေးနဲ့ပတ်သက်ပြီး အသိပညာပေးဖို့ ပြခန်းတစ်ခန်း ဖွင့်ထားတယ်၊ ပြခန်းရှေ့ကနေဖြတ်သွားတဲ့ လူငယ်တွေကို စည်းရုံးပြီး လိင်ပညာပေးနဲ့သက်ဆိုင်တဲ့ အသိပညာတွေ မျှဝေတယ်၊ ဒီအခမ်းအနားက အစိုးရနဲ့ ပရဟိတအဖွဲ့တွေကြားမှာ ချိတ်ဆက်မှုအားကောင်းလာတယ်၊ အစိုးရဌာနဆိုင်ရာတွေက ပရဟိတအဖွဲ့တွေအပေါ်မှာ အာရုံထားလာတယ်၊ ပြည်သူဘက်ကတော့ စိတ်ဝင်စားမှု နည်းပါးနေသေးတယ်"ဟု ပြောသည်။

ထို့အတူ အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမှ လာရောက်လေ့လာကြည့်ရှုသည့် ဒေါ်ခင်မာလွင်က "ကလေးတွေက ကျောင်းပိတ်ရက်ဖြစ်နေတော့ ပြည်သူ့ဥယျာဉ်လာရင်းနဲ့ ဝင်လေ့လာဖြစ်တာပါ၊ ရန်ကုန်မှာဆိုရင် မကြာခဏဆိုသလို ကလေးတွေစွန့်ပစ်တာကို ကြားနေရတယ်၊ ဒီအခမ်းအနားက လူငယ်တွေအတွက် ဗဟုသုတရစရာတွေ အများကြီးတွေ့ရတယ်"ဟု ပြောသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အသိပညာပေးဟောပြောခြင်းများ၊ တေးသံရှင်များနှင့် ပရဟိတအဖွဲ့များက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် တေးသီချင်းများ၊ ပညာပေးပြဇာတ်များ၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-ရဲထွန်း**

# နွေရာသီ အခြေခံဂျူဒိုသင်တန်းများ ဖွင့်လှစ်သွားမည်

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီ အခြေခံဂျူဒိုသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်နှင့် အဖွဲ့ချုပ်အမှုဆောင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ အဖွဲ့ချုပ် ဂျူဒိုအားကစားခန်းမ၌ နွေရာသီအခြေခံဂျူဒိုအားကစားမောင်မယ် ၆၃ ဦးနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ဂျူဒိုဝတ်စုံလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နွေရာသီကျောင်းပိတ်ရက်တွင် မူလတန်း၊အလယ်တန်း၊အထက်တန်း ကျောင်းသား ကျောင်းသူများအား နွေရာသီအခြေခံဂျူဒိုသင်တန်းများကို နိုင်ငံတကာတွင် နိုင်ငံ့ဂုဏ်ဆောင် ဂျူဒိုဆရာများက နည်းစနစ်မှန်ကန်စွာဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဂျူဒိုအားကစားသည် စိတ်ဓာတ်နှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုကို အထောက်အကူဖြစ်သကဲ့သို့ မိမိဘဝလုံခြုံမှုအတွက်လည်း ကာကွယ်နိုင်သည့်ပညာရပ်ဖြစ်ကြောင်း၊ အခြေခံပညာရပ် ပြည့်စုံပါက အဆင့်မြင့်သင်တန်းများ ဆက်လက်တက်ရောက်နိုင်ရန် စီစဉ်ထားပြီး ပြည်သူ့ဘဝလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး အဆင့်မြင့် ဂျူဒိုသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ပြည်တွင်း ပြည်ပ ခရီးသွားပြည်သူများ လုံခြုံမှုအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးအတွက် အဆင့်မြင့်ဂျူဒိုသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီအခြေခံဂျူဒိုသင်တန်းများကို ကျိုက္ကဆံအားကစားသိပ္ပံကျောင်း၊ သန်လျင်ရေကြောင်းတက္ကသိုလ်၊ မင်္ဂလာတောင်ညွန့်အောင်ဆန်းအားကစားကွင်း၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံဆိပ်ကမ်းနှင့် ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တို့၌ နွေရာသီအခြေခံဂျူဒိုတစ်လသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀၀ ကျော် တက်ရောက်လျက်ရှိပြီး အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**စောသိန်းဝင်း**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**တောင်ကြီး မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ရာ ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်နေမှုများကို ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မတ် ၁၈ ရက် ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများ၊ ဖျော်ဖြေရေးများ ကြိုတင်ပြင်ဆင်မှုများ၊ ပြခန်းနေရာများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက လုပ်ငန်းများ အဆင်ပြေစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပွဲတော်အား တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**






**❋ တောင်ကြီးမှ**

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အတွက် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းတွင် တိုင်းရင်းသားရိုးရာအသုံးအဆောင်ပစ္စည်း ပြသမည့်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအက ကပြဖျော်ဖြေမည့် စတိတ်စင်၊ ခေတ်ပေါ်စင်တင်တေးဂီတ စတိတ်စင်၊ ဈေးအရောင်းဆိုင်ခန်းများ၊ အဝင်မုခ်ဦးများ၊ အခမ်းအနားကျင်းပမည့်နေရာထိုင်ခင်းများနှင့် စာပေစာတမ်းဖတ်ကြားမည့် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း အဝင်မုခ်ဦး ပြင်ဆင်နေမှုများနှင့် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် လမ်းဖြတ်ပိုစတာဗီနိုင်းများ၊ မြေစိုက်ပိုစတာများ၊ တောင်ကြီးမြို့တွင်းနှင့် ရွှေညောင်၊ အေးသာယာတို့တွင်လည်း ပွဲတော်မကျင်းပမီ(အကြို) လှည့်လည်ကြော်ငြာခြင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ စာတမ်းဖတ်ကြားမည့်အဖွဲ့များ၊ တိုင်းရင်းသားရိုးရာအသုံးအဆောင်ပစ္စည်း ပြသမည့်အဖွဲ့များလည်း လာရောက်သတင်းပေးပို့လျက်ရှိပြီး ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများကလည်း ယခုကျင်းပမည့် ပွဲတော်ကို လာရောက်အားပေး ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်ထားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် လူထုဆန္ဒလက်မှတ် စုဆောင်းရေး စည်းရုံးလှုံ့ဆော်မှုများအဖြစ် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ပရဟိတအသင်းများ စုပေါင်းထားသည့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးလှုပ်ရှားမှုကော်မတီက မြို့နယ်အတွင်းရှိ ပြည်သူများ၏ ဆန္ဒပြုလက်မှတ်များကို မတ် ၁၇ ရက် နံနက်ပိုင်းက စတင်ကောက်ခံဆောင်ရွက်စဉ်။**

ကိုမိုး(ရွှေပြည်သာ)



# အာရှဖလားဝင်ခွင့်အတွက် အရေးပါသည့် ကာဂျစ္စတန်နှင့် မြန်မာအသင်း ခြေစစ်ပွဲ မတ် ၂၂ ရက်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၁၈**

၂၀၁၉ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ရေးတွင် အရေးပါသည့်ပွဲအဖြစ် ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ အင်ချွန်းမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ပွဲကို မတ် ၂၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပမည်ဖြစ်သည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာအသင်းတွင် အမာခံကစားသမားအစုံအလင် ပါဝင်လာပြီး လူငယ်ကစားသမားတချို့လည်း ရွေးချယ်ခံထားရသည်။ အရေးကြီးသောပွဲဖြစ်သောကြောင့် မျက်နှာသစ်ကစားသမားတချို့ ပွဲထွက်ကစားခွင့်ရရန် မသေချာသော်လည်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်အနေဖြင့် အကောင်းဆုံးလူစာရင်းဖြင့် ပွဲထုတ်နိုင်ရန် အရေးကြီးနေသည်။ အဓိက တိုက်စစ်မှူး အောင်သူသည် မတ် ၁၈ ရက်တွင် Police Tero အသင်းနှင့် ထိုင်းလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ထားရပြီး ချင်းရိုင်ယူနိုက်တက် တိုက်စစ်မှူး ကျော်ကိုကိုနှင့်အတူ မတ် ၁၉ ရက်မှသာ လက်ရွေးစင်အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၁၉၆၈ ပြိုင်ပွဲတစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ဒုတိယဆုရခဲ့သည်။

ယင်းနောက်ပိုင်း နှစ်များတွင် ခြေစစ်ပွဲမအောင်ခြင်း၊ ခြေစစ်ပွဲမယှဉ်ပြိုင်ခြင်းများကြောင့် အာရှဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်မရခဲ့ဘဲ ၂၀၁၉ ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအခွင့်အရေးကို မြန်မာကစားသမားများ အကောင်အထည်ဖော်နိုင်ရန် လိုအပ်နေသည်။

အာရှဖလား တတိယအဆင့် ခြေစစ်ပွဲများကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိသည်။ ခြေစစ်ပွဲအောင်ခွင့် ၁၂ နေရာအတွက် ယှဉ်ပြိုင်နေပြီး လက်ရှိအချိန်ထိ ရှစ်သင်း ခြေစစ်ပွဲအောင်မြင်ထားကာ လေးနေရာသာ ကျန်ရှိတော့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(က)တွင် အိန္ဒိယအသင်းသည် ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်သောကြောင့် လက်ကျန်တစ်နေရာအတွက် ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ အပြိုင်ဖြစ်နေခြင်းဖြစ်သည်။ ကာဂျစ္စတန်နှင့် မြန်မာပွဲမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ရမည့် ပွဲဖြစ်သော်လည်း လုံခြုံရေး အခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်က တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ပြန်လည်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ ကာဂျစ္စတန်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက ငါးမှတ်ရထားပြီး မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။ သရေကျလျှင်မူ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်ခွင့်မဆုံးရှုံးသေးသော်လည်း အခွင့်အရေးနည်းသွားပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



# မောင်တောဒေသအတွင်း ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်



**စစ်တွေ မတ် ၁၈**

UEHRD စီမံကိန်း ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့ ဦးဆောင်သော အဖွဲ့သည် မတ် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် ပြည်နယ်အစိုးရရိပ်သာအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အတွင်းရေးမှူးတို့က မောင်တောဒေသအတွင်း ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မတ် ၁၈ ရက် နံနက်ပိုင်းတွင် UEHRD စီမံကိန်း ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဦးသိန်းဆွေ၊ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ရခိုင်ပြည်နယ်လွှတ်တော်၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD ဆိုင်ရာကိစ္စရပ်များဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် များစွာကျန်ရှိနေပါကြောင်း၊ ယခုအစိုးရသစ် တာဝန်ယူကတည်းက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားအရေးတွင် ဖွံ့ဖြိုးမှုနောက်ကျသည့်နေရာများကို ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်တွင်သာမက လူကြောင့်ဖြစ်သည့် ဘေးတွင်လည်း ထိပ်ဆုံးကခံစားရသော ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အများဆုံးဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး၊ စက်မှုဇုန်များ ဖော်ထုတ်ရေး စသည်ဖြင့်ဆောင်ရွက်နေပါကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကိုဆောင်ရွက်ခဲ့ပါကြောင်း၊ UEHRD ၏ လုပ်ငန်းတာဝန်တွင် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ပါဝင်ပါကြောင်း၊ ချက်ချင်းလုပ်ဆောင်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်နေပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အစဉ်အဆက်ဖြစ်ပွားခဲ့သော ပဋိပက္ခများကို လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှု၊ သဟဇာတဖြစ်မှုတို့ဖြင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်နေရာချထားရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်တို့သည် ပိုမိုနီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ဆန္ဒကို အလေးထားပါကြောင်း၊ နိုင်ငံသားအဖြစ် ခွင့်ပြုပေးသည့်နေရာတွင် ၁၉၈၂ ခုနှစ် ဥပဒေနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်လက်ခံရေးကိစ္စများကိုလည်း ၁၉၉၃ ခုနှစ် သဘောတူညီချက်အတိုင်းအခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ရခိုင်ပြည်သူများအတွက် ထိခိုက်စရာလုံးဝမပါရှိပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်း ဆောင်ရွက်ရာတွင်လည်း ကုန်းလမ်းမှလာမည့်သူများကို တောင်ပြိုလက်ဝဲစခန်းတွင် လက်ခံမည်ဖြစ်ပြီး ရေလမ်းကြောင်းမှ လာမည့်သူများကို ငါးခူရစခန်းတွင် လက်ခံရန်စီစဉ်ထားပါကြောင်း၊ ပြန်လည်လက်ခံရာတွင် လူမှားခြင်း၊ လူထပ်ခြင်း၊ အကြမ်းဖက်သမားများနှင့် အခြားသူများပါလာခြင်းများ လုံးဝမရှိအောင်စနစ်တကျ စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က နိုင်ငံတကာ၏ စွပ်စွဲခြင်းခံနေရမှု၊ လက်ရှိအခြေအနေကို သိရှိရုံတင်မက သဘောပေါက်နားလည်ရန်လိုအပ်ကြောင်း၊ UEHRDသည် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်လက်ခံရေး၊ နေရာချထားရေးတို့နှင့်စပ်လျဉ်းပြီး မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည် ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ မောင်တောခရိုင်အတွင်းရှိ အင်းဒင်ကျေးရွာသို့ရောက်ရှိကြပြီး လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးသည် အထူးလိုအပ်သည်ဖြစ်၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲလေးခု တိုးမြှင့်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လိုအပ်သော မြေဧရိယာနှင့် ရွာမြေများ ထိခိုက်မှုမရှိရေး စိစစ်ဆောင်ရွက်သည်။

ထို့နောက် မြင်းလွတ်-ဂျင်းတော-သပြေတော-ဥဒေါင်း-မောင်တော လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး မီးလောင်ခဲ့သည့် ကျေးရွာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့သူကြီးကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေလုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည် ကြိမ်ချောင်းကျေးရွာသို့ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တည်ဆောက်ထားသည့် အိမ်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား မောင်တောဒေသ၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့ တွေ့ဆုံမေးမြန်း

**မောင်တော မတ် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်အမျိုးသမီးများအား မောင်တောဒေသတွင် ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများက မတ် ၁၇ ရက် ညပိုင်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တွေ့ဆုံမေးမြန်းခဲ့သည်။

ခမောင်းဆိပ်ကျေးရွာမှ မဖော်မီလာက "အဲဒီနေ့က နံနက် ၈ နာရီနဲ့ ၉ နာရီကြားမှာ အကြမ်းဖက်သမားတွေ ကျွန်မတို့အိမ်ကိုဝင်လာတယ်၊ လက်ကိုကြိုးတုပ်တယ်၊ မျက်စိပိတ်တယ်၊ အားလုံးကို တန်းစီပြီးထိုင်ခိုင်းထားတယ်၊ တုတ်တွေနဲ့ရိုက်တယ်၊ အမျိုးသားတွေကို သတ်ပြီးတော့ ကျွန်မတို့ဆီက ရွှေတွေ၊ ငွေတွေ တောင်းတယ်၊ အဲဒါတွေသိမ်းပြီးတော့ အားလုံးကို တောထဲကိုခေါ်သွားတယ်၊ ကျွန်မတို့ မိန်းကလေး ရှစ်ယောက်ကို တဲထဲမှာ ထိုင်ခိုင်းတယ်၊ သူတို့က ကျွန်မတို့ဘာသာရေးကို စော်ကားမှုတွေပြောပါတယ်၊ ငါတို့ဘာသာကို ဝင်မလား၊ ငါတို့ကိုယူမလားဆိုပြီး မေးတယ်၊ ကျွန်မတို့လည်း တခြားသူတွေလို အသတ်ခံရမှာကြောက်လို့ သူတို့ကို ယူလိုက်ရတယ်။

"ကျွန်မတို့ဝတ်စုံတွေကို ချွတ်ခိုင်းပြီး သူတို့ဘာသာဝင်တွေဝတ်တဲ့ ပုံစံအတိုင်း ဝတ်ခိုင်းပါတယ်၊ နောက်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားဖို့ လုပ်တယ်၊ နောက်တစ်နေ့ နံနက် ၁၁ နာရီလောက် ဟိုဘက်ကမ်းကို ရောက်သွားတယ်၊ ဟိုကိုရောက်သွားတော့ သူတို့ဘာသာဝင်အမျိုးသမီးတွေရဲ့ နှိပ်စက်စော်ကားခြင်းကိုလည်း ခံခဲ့ရပါတယ်၊ ကျွန်မတို့အဖွဲ့က သူတို့အမျိုးသမီးတွေရဲ့ စော်ကားခြင်းမခံရအောင် ငါတို့က နင်တို့ဘာသာထဲ ဝင်လာတာမို့ ချစ်ခင်စွာနေကြရအောင်လို့ ပြောထားရပါတယ်၊ နောက်ပြီး အကြမ်းဖက်အဖွဲ့က မီဒီယာတွေရှေ့မှာ နင်တို့ရွာသားတွေနဲ့ အမျိုးတွေကို ဘယ်သူသတ်သလဲလို့မေးရင် ရခိုင်တိုင်းရင်းသားတွေနဲ့ စစ်တပ်ကသတ်တယ်လို့ ပြောဖို့ ခြိမ်းခြောက်ပြီး ပြောခိုင်းပါတယ်၊ မပြောရင် နင်တို့လည်း အသတ်ခံရမယ်လို့ ပြောပါတယ်၊ ဒါကြောင့် မီဒီယာတွေကို သူတို့ပြောခိုင်းတဲ့အတိုင်း ပြောလိုက်ရပါတယ်။

"နောက်တစ်ရက်ညမှာ အဲဒီမှာရှိတဲ့ ဘာဘူဆိုတဲ့ လူဆီခေါ်သွားတယ်၊ အဲဒီအချိန်မှာ သူတို့ဘာသာဝင်တစ်ထောင်ကျော်လောက်က ကျွန်မတို့အဖွဲ့ကိုသတ်ဖို့ဆိုပြီး တောင်းဆိုနေပါတယ်၊ အဲဒီအချိန်မှာ ဘာဘူဆိုတဲ့လူက အဲဒီလိုသတ်ရင် သက်ဆိုင်ရာကို တိုင်မယ်လို့ပြောလိုက်တယ်၊ အဲဒီမှာ ကျွန်မတို့ တစ်လနဲ့ ငါးရက် နေရပါတယ်၊ ကျွန်မတို့ကို ဘင်္ဂလားဒေ့ရှ်မှာ နေမလားလို့ မေးတယ်၊ ကျွန်မတို့ ဘာသာတရားထုံးစံအရ နေထိုင်ကြီးပြင်း စားသောက်ခဲ့ရတဲ့ မြေပေါ်မှာပဲနေမယ်လို့ ပြောလိုက်ပါတယ်၊ ကျွန်မတို့ကို ရခိုင်ပြည်နယ်က အစိုးရအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေက ဘာမှလုပ်တာမဟုတ်ပါဘူး၊ အကြမ်းဖက်သမားတွေကြောင့်ပဲ ကျွန်မတို့ ဒုက္ခရောက်ခဲ့ရတာပါ၊ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မနေဘဲ မြန်မာနိုင်ငံကိုပဲ ပြန်သွားဖို့ ဆန္ဒရှိတယ်လို့ ပြောလိုက်တာပါ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်တွေ ကူညီပေးလို့ စက်တင်ဘာ ၂၇ ရက်မှာ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာတာပါ၊ ဒီမှာ စားဝတ်နေရေးအတွက် အဆင်ပြေအောင် လုပ်ပေးထားပါတယ်၊ အခု ကျွန်မမှာ ဆွေမျိုးသားချင်းတွေ တစ်ယောက်မှ မရှိတော့ပါဘူး၊ သားလေးတစ်ယောက်ပဲ ရှိပါတယ်၊ ကိုယ့်အိမ်မှာ ဆွေမျိုးသားချင်းတွေနဲ့အတူ ပျော်ရွှင်အေးချမ်းစွာ နေချင်ပါတယ်"ဟု ပြောသည်။

မောင်တောဒေသရှိ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောင်က "ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကြမ်းဖက်သမားတွေ ခေါ်ဆောင်သွားတဲ့ ဟိန္ဒူဘာသာဝင် အမျိုးသမီး ၁၀ ဦး သတင်းကို လူမှုကွန်ရက်စာမျက်နှာ (facebook)ကနေတစ်ဆင့် တွေ့ရှိခဲ့တာ ဖြစ်ပါတယ်၊ တွေ့တွေ့ချင်း သက်ဆိုင်ရာကို ကျွန်တော် အကြောင်းကြားပါတယ်။ သူတို့ကို ပြန်ခေါ်လာရမလားလို့ပြောတော့ သက်ဆိုင်ရာကလည်း ခွင့်ပြုတဲ့အတွက် သူတို့ ၁၀ ဦးကို ဘင်္ဂလားဒေ့ရှ်ဘက်က ဟိန္ဒူဘာသာရေးခေါင်းဆောင်နဲ့ ချိတ်ဆက်ပြီး ပြန်လည်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်၊ အစိုးရအဖွဲ့ကလည်း ကူညီပေးပါတယ်။

မောင်တောဒေသမှာ ဟိန္ဒူဘာသာဝင်ဦးရေက ၁၂၀၀ ကျော် ၁၃၀၀ ခန့်ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှာ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင် ၄၀၀ ကျော် ကျန်ရှိနေပါသေးတယ်၊ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြန်လည်ခေါ်ယူချင်ပါတယ်၊ ဘင်္ဂလားဒေ့ရှ်က ပြန်လည်ရောက်ရှိလာတဲ့ အမျိုးသမီး ၁၀ ဦးနဲ့ ကလေး ၁၆ ယောက် ပါလာပါတယ်၊ သူတို့ကို ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာတွေက အင်တာဗျူးတွေလုပ်တယ်၊ သူတို့ကလည်း အမှန်တရားတွေပဲ ပြောပါတယ်၊ ဟိန္ဒူဘာသာဝင်တွေ တကယ်ခံရတာကို အမှန်တွေပဲ ပြောတော့ တချို့တွေက လုပ်ကြံပြောဆိုတယ်ဆိုပြီး ဖုန်းနဲ့ခြိမ်းခြောက်မှုတွေ အမျိုးမျိုးခံခဲ့ရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ကတော့ ဘယ်မီဒီယာနဲ့တွေ့တွေ့ အမှန်တရားတွေပဲ ပြောပါတယ်၊ ပြန်လာတဲ့ အမျိုးသမီးတွေကိုလည်း အရင်က စစ်တွေမှာတော့ အစိုးရအဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေ၊ ဘုန်းတော်ကြီးတွေနဲ့ အလှူရှင်တွေကြောင့် ပြည့်ပြည့်စုံစုံရှိခဲ့ပါတယ်၊ ဒီဘက် ဘူးသီးတောင်ကိုရောက်လာတော့ နောက်ပိုင်း လှူဒါန်းမှုတွေ သုံး၊ လေးခေါက်လောက်ပဲ ရပါတော့တယ်၊ သူတို့ကို အပြင်မှာထားရင် အသက်အန္တရာယ်ရှိတဲ့အတွက် camp ထဲမှာပဲ ထားပါတယ်၊ သူတို့တွေလုံခြုံအောင် ဘာသာရေး အဖွဲ့တွေကလည်း စောင့်ရှောက်ထားပါတယ်။

နောက်ပြီး ကျွန်တော်တို့ ဟိန္ဒူဘာသာဝင် ၁၀၂ ယောက် အကြမ်းဖက်သမားတွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်၊ အဲဒီလိုတွေ နောက်ထပ်မဖြစ်အောင် အစိုးရအနေနဲ့ ကူညီပေးစေလိုပါတယ်၊ အခုလို ပြည်တွင်း၊ ပြည်ပမီဒီယာတွေ လာရောက်မေးမြန်းတဲ့အတွက် အမှန်တရားတွေကိုပြောပြလိုက်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်"ဟု ပြောခဲ့သည်။



**သတင်း-ကျော်သူဝင်း၊ အေးမင်းသူ**

# နိုင်ငံရဲ့အပေါ် အကျိုးသက်ရောက်မှု၊ စာပေနယ်ပယ်မှာ အကျိုးသက်ရောက်မှုရှိတယ်ဆို ကျွန်တော်တို့ လုပ်ဆောင်ရကြိုးနပ်ပါပြီ

ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီ နာယက)



ဆရာလယ်တွင်းသားစောချစ်



ဆရာကြီး ဦးဘိုးလှိုင်



ဆရာ နန္ဒာမင်းလွင်



ဆရာကျော်ကျော်လှိုင်



သိပ္ပံစာရေးဆရာကိုကိုအောင်



ဦးသိန်းထွန်း

စာအုပ်စာပေအပေါ် စိတ်ဝင်စားစွာဖြင့် ဖတ်ရှုလေ့လာစေရေး ဆောင်ရွက်မှုများစွာရှိသည့်အနက် စာပေဆုချီးမြှင့်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ ထွန်းဖောင်ဒေးရှင်းမှလည်း စာအုပ်စာပေကောင်းများ ပေါ်ထွက်လာစေရေးနှင့် မြန်မာစာပေအဆင့်အတန်းမြင့်မားရေးကို ရှေးရှု၍ ၂၀၀၆ ခုနှစ်မှ စတင်ကာ ထွန်းဖောင်ဒေးရှင်းစာပေဆုကို ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင် ၁၂ ကြိမ်မြောက် ရှိပြီဖြစ်သည်။

မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံတွင် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီက ကြီးမှူးကျင်းပသော ၁၂ ကြိမ်မြောက် စာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ဆုရရှိသူများ၏ ရင်တွင်းစကားသံများကို မေးမြန်းရေးသားခဲ့ပါသည်။

**ဆရာလယ်တွင်းသားစောချစ်(ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု)**

စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆုက နှစ်ဆု၊ အရှေ့တောင်အာရှ စာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ မြဝတီဝတ္ထုတိုစာပေဆုတွေ ရခဲ့ပါတယ်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၅ မှာရပါတယ်။ ၂၀၁၇ မှာ ထွန်းဖောင်ဒေးရှင်း စာပေတစ်သက်တာဆု ထပ်ရပါတယ်။ ဒီ နှစ်ဆုလုံးအတွက် ဝမ်းသာပါတယ်။ ဂုဏ်လည်း ယူမိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်၊ တစ်သက်လုံး စာပေကို ချစ်မြတ်နိုးစွာနဲ့ရေးခဲ့တာ၊ စာပေစိတ်နဲ့ နေခဲ့တာ၊ လုပ်ခဲ့တာတွေကို အသိအမှတ်ပြုပေးကြတယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်။ ဆက်ပြီးတော့လည်း စာတွေရေးသွားမှာပါ။

လူငယ်တွေကို တစ်ခွန်းတည်းပဲ ပြောချင်ပါတယ်။ စာဖတ်ကြစမ်းပါလို့၊ စာတွေဖတ်လို့ရှိရင် လူတွေအားလုံး အသိဉာဏ်ပညာမြင့်မားမယ်၊ တော်မှာပဲ။ အခုလို စာပေဆုပေးပွဲတွေလုပ်တယ်ဆိုတာ စာကောင်းပေကောင်းတွေ ပေါ်ထွန်းဖို့၊ လူတွေစာဖတ်ကြဖို့ လုပ်ပေးကြတာပါ။ စာများများဖတ်လေ လူဟာ တော်လေပါပဲ။ ကျောင်းသင်ခန်းစာက ကမ္ဘာ့သင်ရိုးညွှန်းတမ်းတွေ မီခြင်း မမီခြင်းထက် သေချာပေါက်ကတော့ သင်စာဖတ်ရင် ကမ္ဘာ့နိုင်ငံတကာကို မီပါတယ်လို့ ပြောချင်ပါတယ်။ ဇနပုဒ်မှာနေရပေမယ့်စာကို ကြိုးကြိုးစားစား ဖတ်ရင် ကမ္ဘာမှာ စွမ်းဆောင်နိုင်သူတွေလို မင်းစွမ်းဆောင်နိုင်ပါတယ်လို့၊ စာများများဖတ်ပါလို့ ပြောချင်ပါတယ်။

**ဆရာကြီး ဦးဘိုးလှိုင်(ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု)**

တစ်သက်တာ စာပေဆုဆိုတာ တစ်သက်လုံးလုပ်လာရတာလေ။ အခုအသက်က ၇၈ နီးနေပြီ။ အနှစ် ၆၀ လောက် စာပေဖတ်ရှုရေးသား ကြိုးစားလုပ်လာရတာဆိုတော့ တစ်သက်လုံးကြိုးစားမှုကို အဖွဲ့အစည်းက အသိအမှတ်ပြုပြီးတော့ တိုင်းသိပြည်သိ ချီးမြှင့်တဲ့အတွက် ကျေနပ်မှုရတာပေါ့။

စာပေတွေရေးခဲ့တာ အမျိုးစုံပါတယ်။ ဆရာက သိပ္ပံဆရာပါ။ တက္ကသိုလ်မှာ ရူပဗေဒဆရာအဖြစ်နဲ့ နှစ်ပေါင်း ၃၀ ကျော် လုပ်ခဲ့တယ်။ ကိုယ်သင်ခဲ့တာက ရူပဗေဒဆိုတော့ သိပ္ပံကို အဓိကထားပြီးရေးပါတယ်။ ငယ်တုန်းက ပညာရပ်နယ်ပယ်ထဲမှာ နစ်မြုပ်နေတော့ လူမသိသူမသိတဲ့ သုတေသနနဲ့ လူသိနည်းတဲ့ စာပေတွေပေါ့။ နောက်ပိုင်းရေးတာကတော့ အကြောင်းအရာစုံပါတယ်။ စာပေဆုတွေလည်း ရခဲ့တာရှိပါတယ်။

အထူးသဖြင့် လူငယ်တွေကို ဦးတည်ပြောချင်တာပေါ့၊ စာဖတ်ကြပါလို့။ စာဖတ်မှသာလျှင် သုတစုံလင်တယ်၊ လုပ်ငန်းတိုင်းမှာ အသိဉာဏ်ရှေ့ထားပြီး ဆောင်ရွက်ရင် အောင်မြင်မှုပိုရတယ်။ ဒီခေတ်က ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံသားတွေ သမိုင်းဗဟုသုတရှိအောင် လေ့လာရမယ်၊ စာတွေများများဖတ်ရမယ်လို့ ပြောချင်ပါတယ်။

**ဆရာ နန္ဒာမင်းလွင်(ယဉ်ကျေးမှုဘာသာရပ်ဆိုင်ရာ စာမူဆု)**

၂၀၁၇ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းဆုအနေနဲ့က "မြန်မာ့ယဉ်ကျေးမှုနယ်ပယ်က ထီးများ"ဆိုတဲ့ စာမူနဲ့ ဆုရတာပါ။ ကျွန်တော် ၂၀၁၅ ခုနှစ်တုန်းကလည်း ယဉ်ကျေးမှုဘာသာရပ်နဲ့ ထွန်းဖောင်ဒေးရှင်းဆု ရဖူးပါတယ်။ နောက်နှစ်မှာတော့ စာပေဗိမာန်ကပေးတဲ့ သုတပဒေသာ ဝိဇ္ဇာပထမဆုရခဲ့ပါတယ်။ ကျွန်တော်တို့ စာပေလောကသားတွေဟာ ငွေကြေးတတ်နိုင်လို့ စာအုပ်ထုတ်နိုင်တဲ့သူတွေရှိသလို တချို့မှာက စာကောင်းပေမွန်ရေးပေမယ့် စာအုပ်မထုတ်နိုင်တဲ့ အခက်အခဲတွေလည်း ရှိပါတယ်။ ဒီလို အခြေအနေမျိုးမှာ နိုင်ငံတော်အစိုးရကလုပ်နေတဲ့ စာပေမြှင့်တင်ရေးတင်မကဘဲ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဒီလိုစာပေမြှင့်တင်ရေးအတွက် လုပ်ပေးတာ ကျွန်တော်တို့ လောကသားတွေအတွက် အတော့်ကို ဝမ်းမြောက်စရာကောင်းပါတယ်။ အဲဒီအတွက်လည်း အားလုံးကိုယ်စား ကျေးဇူးတင်ပါတယ်။

**ဆရာကျော်ကျော်လှိုင်(SMART)(လူငယ်ဘာသာရပ်ဆိုင်ရာစာပေဆု)**

ကျွန်တော် ပျော်ရွှင်ခြင်းဆိုတဲ့ စာအုပ်နဲ့ရတာပါ။ ထွန်းဖောင်ဒေးရှင်းဆုကို ရတဲ့အတွက် အင်မတန်ကျေနပ်ပါတယ်။ ပျော်ရွှင်ခြင်းဆိုတာ ဘဝမှာ ရတဲ့သူတွေက အောင်မြင်တဲ့သူတွေပဲ။ ပျော်ရွှင်မှုဆိုတာ ငွေကြေးနဲ့လည်းမဆိုင်ဘူး။ ရာထူး၊ အာဏာနဲ့လည်းမဆိုင်ဘူး။ မိမိစိတ်ထားနဲ့ပဲဆိုင်တယ်။ ဘယ်လိုစိတ်ထားလေးတွေထားရင် ပျော်ရွှင်မှုတွေရမယ်။ အဲဒါလေး ရေးခဲ့တာပါ။ ကျွန်တော်ပိုကျေနပ်တာက ကျွန်တော်က လူငယ်တွေအတွက် ရေးနေတဲ့ စာရေးဆရာဆိုတော့ ဒီစာအုပ်ကလည်း လူငယ်စာပေနဲ့ရတဲ့အတွက် ပိုဝမ်းသာမိပါတယ်။ ၂၀၁၆ မှာဆိုရင်လည်း ကျွန်တော် သုတစွယ်စုံကပေးတဲ့ဆု ရခဲ့ပါတယ်။ မနှစ်က ၂၀၁၇ မှာတော့ ဆရာဝန်တင်ရွှေဆုကို ရခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားစာပေဆုကတော့ အမြင့်ဆုံးပေါ့။ အမျိုးသားစာပေဆုအပြင် ဒီလိုအဖွဲ့အစည်းတွေကနေ ချီးမြှင့်ပေးတဲ့အခါမှာ ဝမ်းသာရပါတယ်။

**ဆရာ သိပ္ပံစာရေးဆရာကိုကိုအောင်**
**(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်ဆိုင်ရာစာပေဆု)**

ဆုရတဲ့ စာအုပ်က သဘာဝဘေးနဲ့ လူဖန်တီးသော ဘေးအန္တရာယ်များ စာအုပ်နဲ့ ရတာပါ။ တကယ်တော့ ဒီစာအုပ်မှာပါတဲ့ အချက်အလက်တွေက ဆယ်စုနှစ်တစ်စုစာ စုဆောင်းခဲ့ရတာပါ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပိုပြီးအားထုတ်ခဲ့ရတယ်။ ဒီစာအုပ်ထဲမှာ ကမ္ဘာအရပ်ရပ်က ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်၊ လူဖန်တီးတဲ့ ဘေးအန္တရာယ်တွေဖြစ်လာတဲ့ အခြေခံ အကြောင်းအရင်းတွေနဲ့ ဒါမျိုးကို ဘယ်လို ကာကွယ်ရမလဲ၊ ဘယ်လိုလျော့ပါးအောင်လုပ်ရမလဲ အဲဒီနည်းလမ်းတွေကို ရေးထားတာဖြစ်ပါတယ်။

စာရေးသက်က ၄၅ နှစ်သက်တမ်းထဲရှိပါပြီ။ ဆောင်းပါးပေါင်း ၁၂၀၀ ကျော်လောက် ရေးခဲ့ပါတယ်။ စာရေးဆရာပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ဆုရရှိတဲ့အခါ လူတိုင်းက ပီတိဖြစ်တာပေါ့။ ရတဲ့ဆုကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာပေဆု ဖြစ်တဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။

**ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီနာယက)**

ယခုလိုကျင်းပတာ ၁၂ ကြိမ်မြောက်ရှိပါပြီ။ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်ခဲ့ပြီးတော့ လူငယ်တွေ မြန်မာစာပေရဲ့သမိုင်း၊ မြန်မာစာပေရဲ့ အနှစ်သာရတွေကို သိပြီးတော့ စာပေဖတ်ရှုမှုတိုးတက်လာဖို့ ရည်ရွယ်ပြီးတော့ ဆုချီးမြှင့်တာဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် ကဏ္ဍအလိုက် ကော်မတီဝင်ဖွဲ့ထားတာ ၁၈ ဦးရှိပါတယ်။ ပညာရပ်နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ အဲဒီကော်မတီဝင်တွေက ဘာသာရပ်အလိုက် သူတို့က ရွေးချယ်ပြီးမှ ဗဟိုဦးစီးကော်မတီက ဆုံးဖြတ်ရွေးချယ်ပေးတာဖြစ်ပါတယ်။

စာပေပညာရှင်တွေ ပေါ်ပေါက်လာသလို စာပေဖွံ့ဖြိုးတိုးတက်မှုလည်း ရှိမှာပဲ။ စာဖတ်သူတွေလည်း တိုးတက်လာမှာပါ။ ကျွန်တော်တို့နိုင်ငံက အနှစ်သာရရှိတဲ့ ဘာသာရပ်တွေကို တိုးတက်လာဖို့လိုပါတယ်။ ဒါကြောင့် ဒါကို ကျွန်တော်တို့ အဓိကထားပြီး စဉ်းစားဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံရဲ့အပေါ် အကျိုးသက်ရောက်မှု၊ စာပေနယ်ပယ်မှာ အကျိုးသက်ရောက်မှုရှိတယ်ဆို ကျွန်တော်တို့ လုပ်ဆောင်ရကြိုးနပ်ပါပြီ။ နှစ်စဉ်လည်း လုပ်သွားမှာပါ။ ကျန်းမာရေးနယ်ပယ်မှာလည်း တိုးချဲ့ဖို့ လုပ်ထားပါတယ်။ စာကြည့်တိုက်ဖွင့်ထားတာရှိပါတယ်။ အဲဒီစာကြည့်တိုက်မှာလည်း ဘာသာရပ်အလိုက် လေ့လာနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

**အမေး၊ အရေး- သီသီမင်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပေးအပ်ချီးမြှင့်လျက်ရှိသည့် သတ္တမအကြိမ် အာဆီယံပဋိညာဉ်ခံအင်ဂျင်နီယာပညာရှင် လက်မှတ်၊ တတိယအကြိမ် မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်နှင့် စတုတ္ထအကြိမ် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးချုပ် Function Hall ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပခဲ့ရာ အလှူရှင် ၃၁ ဦးမှ လှူဒါန်းငွေ စုစုပေါင်း သိန်း ၅၂၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

"အင်ဂျင်နီယာဘွဲ့ရပြီးတဲ့အခါမှာ ရိုးရိုး BE ဘွဲ့တို့၊ နောက်ထပ် Register Engineer ဆိုတာ မှတ်ပုံတင်အင်ဂျင်နီယာ၊ RSE ဆိုတာကတော့ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ၊ PE ဆိုတာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကပေးတဲ့ မြန်မာနိုင်ငံအတွက် မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်ပေါ့၊ အခုပေးတဲ့ ACPE က အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင် လက်မှတ်ပေါ့၊ ဒီလက်မှတ်ရထားတဲ့ ပုဂ္ဂိုလ်က အာဆီယံ ၁၀ နိုင်ငံမှာ အသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် ဒီအဆင့်အတန်းနဲ့ သွားရောက်ပြီး အလုပ်လုပ်ကိုင်လို့ရတယ်" ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်က ပြောသည်။

အခမ်းအနားတွင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် (Mutual Recognition Agreement)အရ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ရရှိထားသော အင်ဂျင်နီယာ ၈၀ အား Asean Chartered Professional Engineer များ အဖြစ်လည်းကောင်း၊ မှတ်ပုံတင် ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ လေးဦးအား အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ပြီး ကုမ္ပဏီအဆင့် သတ်မှတ်ချက် A၊ B၊ E ရရှိသော ကုမ္ပဏီများကိုလည်း အသိအမှတ်ပြုလက်မှတ်များ အသီးသီးပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် စုစုပေါင်း ACPE လက်မှတ်ရရှိသူ ၃၈၁ ဦး၊ PE လက်မှတ်ရရှိသူ ၆၅၇ ဦး၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် ၁၄ ဦး၊ မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာ ၁၈၂၃ ဦး ကျော်ရှိကြောင်း သိရသည်။

**သတင်း- ခင်ဇာလီ**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# တရားမဝင်သယ်ဆောင်လာသည့် သစ်များနှင့် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၈**

မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့်ယာဉ်များအား ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်စဉ် တရားမဝင် သို့ဝှက်သယ်ဆောင်လာသည့် သစ်များနှင့် ကျောက်စိမ်းဟု ယူဆရသော ကျောက်များအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၇ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်လေးစီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ကြမ်းခင်းတို့တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခါးရွေ ၁၀၁ တုံး (၂ ဒသမ ၉၃၆၄ တန်)နှင့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ ၆၇၁ တုံး (၈၆၁ ကီလိုဂရမ်)နှင့် ပစ္စည်းသယ်ဆောင်လာသည့်ယာဉ်လေးစီးအပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၁၇၁ ဒသမ ၈၅၉ သန်းအား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်မှုများအား တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄ ဒသမ ၇၃၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ငွေကျပ် ၇၅၅ သန်းခန့်)စုစုပေါင်း တားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုး ၁၇၅ ဒသမ ၄၉၄ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၈၃ စီး၊ သွင်းကုန် ၈၉၆ စီး၊ ရန်ကုန်-မြဝတီလမ်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**၀၀၁**



# မြဝတီမြို့၌ မီးသွေးအိတ်ဝယ်ယူရာမှ မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာပြီး မီးလောင်မှုဖြစ်ပွား

**မြဝတီ မတ် ၁၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးမြင့်အောင်၏ နေအိမ်ခြံဝင်းအတွင်း အိမ်သုံးရန်မီးသွေးအိတ်ဝယ်ယူရာမှ မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာပြီး မီးသွေးလှောင်ဂိုဒေါင်တစ်လုံး မီးလောင်မှု ယနေ့ မတ် ၁၈ ရက် နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ခြံရှင် ဦးမြင့်အောင်က မတ် ၁၇ ရက်က အိမ်သုံးရန် မီးသွေး ၁၅ အိတ်ဝယ်ယူခဲ့ပြီး အိမ်အနောက် မီးသွေးလှောင်ဂိုဒေါင်အတွင်း သိုလှောင်ထားခဲ့ရာ မီးသွေးအိတ်အတွင်း မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း စစ်ဆေးချက်များအရ သိရသည်။

သို့ဖြစ်၍ မီးသွေးဂိုဒေါင်အတွင်း မီးသွေးများအား ပေါ့ဆစွာထည့်ခြင်းကြောင့် မီးလောင်ကျွမ်းစေခဲ့သူ ဦးမြင့်အောင်(၆၀)နှစ်အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အရွယ်မရောက်သေးသည့်ကလေးငယ်ကို မုဒိမ်းပြုကျင့်ရန် ကြံစည်အားထုတ်သူအား အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နေ ဒေါ်-----(၄၃)နှစ်သည် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် အိမ်လည်သွားပြီး ညနေ ၃ နာရီခန့်တွင် နေအိမ်သို့ ပြန်လာရာ မျက်နှာချင်းဆိုင်နေအိမ်မှ ဒေါ်----သည် ၎င်းနေအိမ်ပေါ်သို့ ရောက်ရှိနေသည်ကို တွေ့ရှိရပြီး ဒေါ်----မှ ဒေါ်----(၄၃)နှစ်၏ သမီးဖြစ်သူ မ----(၁၁)နှစ်အား ခဲအိုတော်စပ်သူ(ယ)ရပ်ကွက်နေ မောင်ဆန်း(ခ)ဆန်းချို(၄၄)နှစ်က မုဒိမ်းပြုကျင့်ရန် ကြံစည်အားထုတ်ခဲ့ကြောင်း ပြောပြသိရှိရသဖြင့် သမီးဖြစ်သူအား မေးမြန်းရာ အပြင်၌သွားကစားပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်၌ မောင်ဆန်း(ခ)ဆန်းချိုရောက်ရှိနေကာ ၎င်းမှ နေအိမ်မီးဖိုခန်းအတွင်း၌ လှဲအိပ်ခိုင်းပြီး မုဒိမ်းပြုကျင့်ရန် ကြံစည်အားထုတ်ခဲ့ကြောင်း သိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ မောင်ဆန်း(ခ)ဆန်းချိုအား လောင်းလုံးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# လှိုင်မြို့နယ်တွင် နိုင်ငံခြားဖြစ်အရက်မျိုးစုံ အတုပြုလုပ်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် နိုင်ငံခြားဖြစ်အရက်မျိုးစုံ အတုပြုလုပ်သူများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေရဲစခန်းမှူးနှင့်အဖွဲ့သည် မတ် ၁၇ ရက်က လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ရတနာမွန်(၂)လမ်း အမှတ်(၁၃)နေအိမ်ခြံဝင်းအတွင်း နိုင်ငံခြားဖြစ်အရက်မျိုးစုံအား ရောစပ်အတုပြုလုပ်နေကြောင်း သတင်းအရ အမှတ်(၅)ရပ်ကွက်တွင် ယာဉ်မောင်း ထိန်လင်း(၃၆)နှစ် မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် နိုင်ငံခြားဖြစ်အရက်မျိုးစုံ အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဘောစိများ၊ ဝါရှာပြားများ၊ Red Label နှင့် Black Label တံဆိပ်ပါ စက္ကူနှင့် Chivas Regal တံဆိပ်ပါ စက္ကူဖာများ၊ Red Label တံဆိပ်ပါ ပုလင်းအဖုံးခွံများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် စစ်မေးခဲ့ရာမှ အမှတ်(၅)ရပ်ကွက် ရတနာပုံ(၃)လမ်းနေ ဦးတင်ထွန်း(၅၂)နှစ်က စေခိုင်း၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထိုသို့ စစ်ဆေးပေါ်ပေါက်ချက်အရ ပူးပေါင်းအဖွဲ့သည် ဦးတင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နိုင်ငံခြားဖြစ်အရက်မျိုးစုံအဖုံးတစ်အိတ်၊ ပုလင်းတံဆိပ်ကပ်ရာတွင် အသုံးပြုသည့် Gun သုံးခုအား တွေ့ရှိသိမ်းဆည်းရမိပြီး ဦးတင်ထွန်းအား စစ်ဆေးရာ အမှတ်(၄)ရပ်ကွက် ရတနာမွန်(၂)လမ်း ခြံအမှတ် (၁၃)တွင် နိုင်ငံခြားဖြစ်အရက်ပုလင်းခွံမျိုးစုံအတွင်း ပြည်တွင်းဖြစ်အရက်များနှင့် ရောစပ်ကာ ပုလင်းသွတ်သွင်းပါကင်ထုပ်ပိုးသိုလှောင်ထားကြောင်း စစ်ဆေးပေါ်ပေါက်၍ အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေရာ Blan Master တံဆိပ်ဖာ ၄၀၊ Kingdon တံဆိပ် ၄၅ ဖာ၊ Dunfife တံဆိပ် ၂၂ ဖာ၊ High Commissioner တံဆိပ် ၃၂ ဖာ၊ Collum bus တံဆိပ်ရှစ်ဖာနှင့် နိုင်ငံခြားဖြစ်အရက်ပုလင်းအခွံမျိုးစုံ ၂၅ ဖာတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံခြားဖြစ်အရက်မျိုးစုံ အတုပြုလုပ်သူ ဦးတင်ထွန်းနှင့် ယာဉ်ဖြင့်သယ်ဆောင်သူ ထိန်လင်းတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ဓနုဖြူမြို့ ရွှေဆိုင်မှ ရွှေဆွဲကြိုး ၁၅ ကုံး နှိုက်ယူခံရ

**ဓနုဖြူ မတ် ၁၈**

ဓနုဖြူမြို့ (၇)ရပ်ကွက် မြို့မဈေးရှေ့ ထိပ်တန်းရွှေဆိုင်တွင် မတ် ၁၃ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က ရွှေဆွဲကြိုး ၁၅ ကုံးခန့် နှိုက်ယူခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဆိုင်အား နံနက် ၆ နာရီခွဲတွင် စတင်ရောင်းချရာမှ နံနက် ၇ နာရီ မိနစ်၅၀ ခန့်တွင် ရွှေဆိုင်ထဲသို့ အမည်မသိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရောက်ရှိလာပြီး ရွှေဝယ်ရန်ပြောဆိုကာ ရွှေထည်အမျိုးမျိုးအားပြခိုင်းပြီး ကြည့်ရှုကာ တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား ခဏဖယ်ထားပေးရန်နှင့် ခဏနေလာယူမည်ဟုပြောကာ ပြန်လည်ထွက်သွားခဲ့သည်။ ၎င်းတို့ထွက်သွားပြီးနောက် မှန်ဘောင်ထဲတွင်ထည့်ထားသော ရွှေဆွဲကြိုး ၁၅ ကုံး စုစုပေါင်းတန်ဖိုးကျပ် ၅၉၆၀၀၀၀ သိန်းကျော်မှာ ပျောက်ဆုံးသွားကြောင်း သိရသဖြင့် CCTV မှတ်တမ်းအား ပြန်လည်ကြည့်ရှုရာ အဆိုပါနှစ်ဦးနှိုက်ယူသွားကြောင်း သိရသဖြင့် ဓနုဖြူမြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဓနုဖြူမြို့မရဲစခန်းမှ ဆွဲကြိုးအမည်စာရင်းများနှင့် CCTV မှတ်တမ်းမှ ပုံများ သိမ်းဆည်းပြီး ရှာဖွေလျက်ရှိကြောင်းသိရကာ တခြားဆိုင်များသို့ လာရောက်ရောင်းချပေါင်နှံပါက ဒုတိယရဲမှူးအေးမင်း(မြို့မစခန်းမှူး)ဖုန်း-၀၉-၄၉၆၄၀၃၃၈၊ ဒုတိယရဲအုပ် ရန်နိုင်ထွန်း(နယ်ထိန်းခေါင်းဆောင်)ဖုန်း-၀၉-၇၈၂၄၂၄၄၃၀ တို့အား ဆက်သွယ်သတင်းပေးနိုင်ကြောင်း သိရသည်။

**အောင်သူဟိဏ်း**

# ဥက္ကံမြို့၌ အမျိုးသမီးတစ်ဦး ပေါင်းသတ်ဆေးရည်များ ဝမ်းဗိုက်ထဲရောက်ရှိပြီး သေဆုံး

**တိုက်ကြီး မတ် ၁၈**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ပေါင်းသတ်ဆေးဖျန်းစဉ် ဆေးရည်များမထွက်၍ ပိုက်ခေါင်းအား ပါးစပ်ဖြင့် စုပ်ယူရာ ဆေးရည်များ ဝမ်းဗိုက်ထဲရောက်၍ ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသစဉ် မတ် ၁၆ ရက် ည ၉ နာရီတွင် သေဆုံးသွားကြောင်း ဥက္ကံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဥက္ကံမြို့ ဗန္ဓုလရပ်ကွက် အောင်သုခလမ်းနေ မပြည့်ဇာခြည်(၂၃)နှစ်သည် မတ် ၂ ရက်တွင် သီးနှံပင်များအား ပေါင်းသတ်ဆေးဖျန်းစဉ်ပိုက်မှ ပိုးသတ်ဆေးရည်မထွက်၍ ပါးစပ်ဖြင့် စုပ်ယူရာမှတစ်ဆင့် ပေါင်းသတ်ဆေးရည်များ ဝမ်းဗိုက်တွင်းဝင်သွား၍ ရန်ကုန်ဆေးရုံ ကြီးသို့ တင်ပို့ကုသနေစဉ် မတ် ၁၆ ရက် ည ၉ နာရီတွင် သေဆုံးသွားသဖြင့် မတ် ၁၇ ရက်တွင် ဥက္ကံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# (၁၃)နှစ်အရွယ် မိန်းကလေးကို မုဒိမ်းပြုကျင့်ရန် ကြံစည်သူအား အမှုဖွင့်အရေးယူထား

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ----(၁၃)နှစ်သည် မတ် ၁၅ ရက် နံနက် ၇ နာရီတွင် အလုပ်သွားရန်နေအိမ်မှ ထွက်ခွာသွားခဲ့ရာ မတ် ၁၆ ရက် ညနေ ၃ နာရီအထိ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ဖခင်ဖြစ်သူက လိုက်လံစုံစမ်းမေးမြန်းခဲ့ရာ ချစ်စမ်းနိုင်(၂၁)နှစ်မှ ကြည့်မြင်တိုင်တစ်ဖက်ကမ်း အလက်ချောင်းကျေးရွာရှိ ၎င်း၏မိတ်ဆွေဖြစ်သူ၏ နေအိမ်သို့ ခေါ်ဆောင်သွားကြောင်း သိရပြီး သမီးဖြစ်သူ မ---- နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် မေးမြန်းရာ အဆိုပါနေအိမ်၌ ညအိပ်ခဲ့ကြောင်း၊ ညအိပ်စဉ် ချစ်စမ်းနိုင်မှ မုဒိမ်းပြုကျင့်ရန် ကြံစည်ခဲ့ကြောင်း ပြောပြသိရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ချစ်စမ်းနိုင်အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၁၉-၃-၂၀၁၈ (တနင်္လာနေ့)**

၀၅း၀၀ အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "အမွေ"
၀၅း၃၀ ဆန်းသစ်လှပ မြန်မာ့အက
၀၅း၄၅ Unique Pattern Of Myanma...A Trend Of Chin Traditional Dress)
၀၆း၁၅ Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-2)
၀၆း၄၅ My Life & My Art
၀၆း၅၅ သာယာငြိမ့်အေးမင်္ဂလာတေး
၀၇း၀၅ Surprise Meals
၀၇း၂၀ Living Myanmar Glazed Ceramics
၀၇း၄၀ ရင်ထဲစွဲထင် တေးဂန္တဝင်
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၇)
၀၈း၃၀ MRTV Entertainment Music
၀၈း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း" စနေဂြိုဟ်မင်း" (အပိုင်း-၁၇၉)
၀၉း၂၀ နိုင်ငံခြားရုပ်ရှင် "Benny And Babloo"
၁၁း၂၀ မြန်မာရုပ်ရှင် "ကက်ကင်း"
၁၃း၄၀ Return of Superman (Ep-85)
၁၄း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၇)
၁၄း၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ တန်ခိုးထွန်းလင်း "စနေဂြိုဟ်မင်း" (အပိုင်း-၁၇၉)
၁၅း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သူ"
၁၇း၃၀ ကာတွန်းအစီအစဉ် "Chhota Bheem (Episode-18)"
၁၈း၀၀ Return of Superman (Ep-85)
၁၈း၄၅ MRTV Entertainment Music
၁၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၈)
၁၉း၃၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ တန်ခိုးထွန်းလင်း "စနေဂြိုဟ်မင်း" (အပိုင်း-၁၈၀)
၂၀း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ တန်ခိုးထွန်းလင်း "စနေဂြိုဟ်မင်း" (အပိုင်း-၁၈၁)
၂၀း၃၀ Game Show "10 to Million Myanmar" (Epi-99)
၂၁း၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၂၁း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဖိန့်"
၂၃း၃၅ Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress

**၂၀-၃-၂၀၁၈ (အင်္ဂါနေ့)**

၀၀း၁၀ Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-2)
၀၀း၃၀ နိုင်ငံခြားရုပ်ရှင် "Benny And Babloo"
၀၂း၃၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၈)
၀၃း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ရည်းစား"
၀၅း၀၀ အစီအစဉ်ပြီး၏။



# ရီးယဲလ်မက်ဒရစ်နှင့် နေမာ အပြောင်းအရွှေ့ကိစ္စ ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်ကို မေးကြည့်ဟု အမ်မရီ ပြောကြား

စပိန်လူမျိုး ပီအက်စ်ဂျီနည်းပြအမ်မရီက နေမာနဲ့ ရီးယဲလ်မက်ဒရစ်အပြောင်းအရွှေ့ကိစ္စရပ်ကို သူ့ထံမေးခြင်းထက် ရီးယဲလ်ဥက္ကဋ္ဌ အမ်မရီကိုသာ တိုက်ရိုက်သွားမေးသင့်တယ်လို့ တုံ့ပြန်လိုက်ခြင်းအားဖြင့် နေမာအနေနဲ့ ရီးယဲလ်ကို ပြောင်းရွှေ့နိုင်တယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စရပ် မဟုတ်ဘူးဆိုတာကို အရိပ်ပြလိုက်ပြီဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီမှာပင် နေမာကို ခေါ်ယူဖို့ သဘောတူညီချက်ရယူထားလို့ပြီး ဒီလို နေမာနဲ့ ရီးယဲလ်အသင်းတို့ အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေခြင်းက သတင်းသမားတွေအတွက် ရေးသားမေးမြန်းစရာ အများအပြားဖြစ်စေတဲ့အကြောင်းအရာလည်းဖြစ်ပါတယ်။

နည်းပြ အမ်မရီကို သတင်းထောက်များက နေမာနဲ့ ရီးယဲလ်တို့ အပြောင်းအရွှေ့ကိစ္စဘယ်လို ဖြစ်လာနိုင်သည်လဲဆိုသည်ကို မေးမြန်းခဲ့ရာ “နေမာနဲ့ ပတ်သက်ပြီး ပီအက်စ်ဂျီရဲ့ စီမံချက်က အင်မတန်ခိုင်မာပါတယ်။ ဒါပေမဲ့ ရီးယဲလ်မက်ဒရစ်နဲ့ ဆိုရင်တော့ ကျွန်တော် မသိပါဘူး။ ဖလော်ရန်တီနို( ရီးယဲလ်ဥက္ကဋ္ဌ )ကိုပဲ မေးပါ” ဟု တုံ့ပြန်လိုက်တာဖြစ်ပါတယ်။

ရီးယဲလ်အသင်းက အရင်က ဘီဘီစီတိုက်စစ်အတွဲ (ဘေးလ်-ဘင်ဇီမာ- စီရိုနယ်လ်ဒို) တိုက်စစ်အတွဲနဲ့ အလုပ်ဖြစ်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ စီရိုနယ်လ်ဒိုရဲ့ အသက်အရွယ်ထောက်လာမှု၊ ဘေးလ်ရဲ့ကြံ့ခိုင်မှု ပြဿနာ၊ အကောင်းဆုံးခြေစွမ်းပျောက်ဆုံးနေတဲ့ ဘင်ဇီမာတို့ကြောင့် တိုက်စစ်ပိုင်းအတွက် အားဖြည့်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ နေမာဟာ ပြီးခဲ့တဲ့ နွေဈေးကွက်ကမှ ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀နဲ့ ပြောင်းရွှေ့သွားခဲ့ပြီး တစ်နှစ်မပြည့်ခင်မှာပဲ ရီးယဲလ်အသင်းကို နောက်ထပ် ကမ္ဘာ့စံချိန်တင်ကြေးထပ်ဖြစ်လာမယ့် ပေါင် ၃၅၅သန်း(ယူရို သန်း၄၀၀)နဲ့ ပြောင်းရွှေ့ဖို့သတင်းတွေ ဆက်တိုက်ထွက်နေခဲ့တာပါ။

နေမာရဲ့ ဖခင်နဲ့ ရီးယဲလ်တာဝန်ရှိသူတွေ ပဲရစ်မြို့မှာ တွေ့ဆုံခဲ့ကြအပြီး နေမာပြောခဲ့တဲ့ “ဒီမှာ ငါးလက ငါးနှစ်လိုပဲ”ဆိုတဲ့ ပြောစကားကလည်း သူ့အနေနဲ့ ပဲရစ်မှာ နေသားကျတယ်ဆိုတာကိုပဲ ပြောသလား၊ မပျော်တာကြောင့် အချိန်တိုလေးကို ကာလရှည်ကြာတယ်လို့ဆိုသလား ဆိုတာလည်း အဖြေနှစ်ခွ ထွက်စေခဲ့ပါတယ်။

**မေလဲ့သင်း - ရေးသားသည်**



# ဂိုးသမားအဲလစ်ဆင်အား ပေါင်သန်း ၇၀ ဖြင့် လီဗာပူးခေါ်ယူလို

လီဗာပူးအသင်းသည် အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ဂိုးသမား အဲလစ်ဆင်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဂိုးသမားတစ်ဦးအတွက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရမည်ဆိုပါကလည်း နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ခေါ်ယူရန်ဆုံးဖြတ်ထားကြောင့် နည်းပြကလော့ကဆိုသည်။

သို့ရာတွင် ဂိုးသမားအဲလစ်ဆင်ကမူ ရိုးမားအသင်းအား ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဂိုးသမားအဲလစ်ဆင်အား စိတ်ဝင်စားလျက်ရှိပြီး ခေါ်ယူမည်ဆိုပါက ငြင်းဆိုလိမ့်မည်မဟုတ်ကြောင်း အဲလစ်ဆင်က ပြောကြားခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဂိုးသမားဒီဂီယာကိုလည်း စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းကမူ ဒီဂီယာအား ရောင်းချရန်ငြင်းဆိုထားကြောင်းသိရသည်။



**မတ် ၁၈ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပြင်သစ်လီဂူး ပွဲစဉ် - ၃၀**

| | | |
|---|---|---|
| နိုက် | ၁ - ၂ | ပီအက်စ်ဂျီ |
| မက်ဇ် | ၁ - ၁ | နန့်တက်စ် |
| မောင့်ပယ်လီယာ | ၂ - ၂ | ဒီဂျွန် |
| တူးလော့ | ၂ - ၂ | စတားဘော့ |
| အန်ဂါးစ် | ၃ - ၀ | ကိန်း |
| အေမိန်းစ် | ၁ - ၁ | ထရိုင်းယက် |

**အီတလီစီးရီးအေ ပွဲစဉ် - ၂၈**

| | | |
|---|---|---|
| အေစီမီလန် | ၃ - ၂ | ချီယေဗို |
| တိုရီနို | ၁ - ၂ | ဖီအိုရင်တီးနား |
| ဘီနီဗန်တို | ၁ - ၂ | ကယ်ဂလီယာရီ |
| ဆမ်ဒိုးရီးယား | ၀ - ၅ | အင်တာမီလန် |
| ခရိုတုန်း | ၀ - ၂ | ရိုးမား |
| ဗီရိုနာ | ၀ - ၅ | အတ္တလန္တာ |
| SPAL | ၀ - ၀ | ဂျူဗင်တပ် |

**စပိန်လာလီဂါ ပွဲစဉ် - ၂၉**

| | | |
|---|---|---|
| လီဂါနက်စ် | ၂ - ၁ | ဆီဗီလာ |
| ဘက်တစ် | ၃ - ၀ | အက်စ်ပန်ညို |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၇**

| | | |
|---|---|---|
| ဒေါ့မွန် | ၁ - ၀ | ဟန်နိုဗာ |

ခိုင်ဝင်း

# လာမည့်ရာသီအတွက် မက်တူဒီနှင့်ပီရီဆစ်တို့ကို ခေါ်ယူရန် မန်ယူ အသင့်ဖြစ်

မန်ယူအသင်းသည် ဆီဗီလာအသင်းအား ရှုံးနိမ့်ကာ ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီးနောက် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားအများအပြား အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာရန်ရှိနေကြောင်းနှင့် နည်းပြမော်ရင်ဟိုအနေဖြင့် မက်တူဒီနှင့် ပီရီဆစ်တို့ကို ခေါ်ယူရန် အသင့်အနေအထားတွင်ရှိနေကြောင်း တိုက်စစ်မှူး လူကာကူက ပြောကြားလိုက်သည်။

တိုက်စစ်မှူးလူကာကူသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူထားသူဖြစ်သည်။ နည်းပြမော်ရင်ဟိုသည် မန်ယူအသင်းနှင့် နှစ်နှစ်ကြာဖြတ်သန်းခဲ့ရာတွင် ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၃၀၀ အထိသုံးစွဲထားပြီးဖြစ်သော်လည်း ချန်ပီယံလိဂ်မှ ထွက်ခဲ့ရခြင်းကြောင့် လာမည့်ဘောလုံးရာသီတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားပေါ့ဘာအား ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့သကဲ့သို့ တိုက်စစ်မှူး ဆန်းချက်ဇ်ကိုလည်း အမြင့်ဆုံးလုပ်ခလစာအဖြစ် တစ်ပတ်လျှင် ပေါင် ၃၅၀၀၀၀ ဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူထားခဲ့ကြောင်း သိရသည်။ သို့ရာတွင် ကွင်းလယ်ပိုင်အင်အား တောင့်တင်းစေရန်အတွက် ဂျူဗင်တပ်ကွင်းလယ်ကစားသမားမက်တူဒီ သို့မဟုတ် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းကွင်းလယ်ကစားသမား ဖရက်ကိုခေါ်ယူရန်ရှိနေသည့်အပြင် တိုက်စစ်မှူး လူကာကူအား အထောက်အကူဖြစ်စေရန်အတွက် အင်တာမီလန်တောင်ပံကစားသမား ပီရီဆစ်ကိုလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းတွင် လုခ်ရှော၊ စမောလင်း၊ မာတာ၊ ဒါမီယန်၊ မာရှယ်နှင့် ဒါလေဘလိုင်းတို့မှာ အသင်းမှ ထွက်ခွာရန်ရှိနေကြောင်းလည်းသိရသည်။

ထို့ကြောင့် ကစားသမားဖြည့်တင်းမှုများပြုလုပ်မည်ဖြစ်ပြီး လက်ရှိတွင် ကွင်းလယ်နှင့် တိုက်စစ်ပိုင်းအတွက် မက်တူဒီ၊ ပီရီဆစ်နှင့် ဖရက်တို့ကို စိတ်ဝင်စားလျက်ရှိရာ ဖရက်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ဖြင့်လည်းကောင်း၊ မက်တူဒီကိုပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့်လည်းကောင်း၊ ပီရီဆစ်ကို ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းဖြင့်လည်းကောင်းအသီးသီးခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသည့်ကစားသမားများမှာ တိုက်စစ်မှူးလူကာကူက ၂၅ ဂိုး၊ လင်ဂတ်က ၁၃ ဂိုး၊ ရှက်ဖို့ဒ်က ၁၂ ဂိုး၊ မာရှယ်က ၁၁ ဂိုးနှင့် ဖယ်လိုင်နီက လေးဂိုး အသီးသီးသွင်းယူပေးထားပြီး ဂိုးသွင်းနိုင်မည့် တိုက်စစ်မှူးများလိုအပ်နေခြင်းကြောင့် ဖရက်နှင့် ပီရီဆစ်တို့ကို ခေါ်ယူပြင်ဆင်နေခြင်းဖြစ်သည်။

**ငွေကြယ် - ရေးသားသည်**

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၆.၁၂၅.၁၀၂ | | ၃.၅၅၄.၀၀၀ | ၃.၃၈၈.၃၆၇ | | | | | ၃၃.၀၆၇.၄၆၉ |
| ၂ | သမ္မတရုံး | ၎င်း | | | | | | | | | |
| ၃ | ပြည်ထဲရေး | ၎င်း | ၁၇၄.၈၁၈.၃၅၇ | ၁.၂၂၅.၇၆၇ | ၆၈.၉၀၇ | ၁၄၀.၆၃၃.၇၉၇ | | | | | ၃၁၆.၇၄၆.၈၂၈ |
| ၄ | ကာကွယ်ရေး | ၎င်း | ၇၂၀.၀၉၅.၄၄၄ | ၂.၈၀၁.၃၂၈ | | ၆၀၂.၅၆၂.၃၆၆ | | ၆.၄၀၁.၅၃၀ | | | ၁.၃၃၁.၈၇၀.၆၆၈ |
| ၅ | နယ်စပ်ရေးရာ | ၎င်း | ၉.၇၃၇.၀၈၀ | | ၆.၃၂၃.၄၁၈ | ၃၇.၄၅၉.၉၈၉ | | | | | ၅၃.၅၂၀.၄၈၈ |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | ၇၇၅.၄၅၂ | | | ၃၈.၂၅၅ | | | | | ၈၁၃.၇၀၇ |
| ၇ | ပြန်ကြားရေး | ၎င်း | ၁၄.၆၇၀.၃၃၅ | ၉.၁၅၀ | ၂၄.၀၀၀ | ၇၇၄.၂၁၄ | | | | | ၁၅.၄၇၈.၃၅၀ |
| ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | | | | | | | | | |
| ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၈.၆၉၈.၁၈၇ | | ၂.၀၉၃.၆၉၃ | ၃.၇၇၆.၈၃၀ | | | | | ၁၄.၄၆၈.၇၁၀ |
| ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၁၂၂.၆၃၄.၆၇၄ | ၁၃.၀၅၇.၇၉၉ | ၄၃.၈၄၄.၅၇၇ | ၁၂၉.၈၉၇.၂၅၄ | | ၄၆.၉၆၂.၈၆၈ | | | ၃၅၆.၃၈၇.၁၂၂ |
| ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၂၀.၅၈၄.၉၆၅ | ၇.၅၆၉.၂၀၆ | ၄၆၀.၉၇၆ | ၉၀.၉၉၃.၈၉၈ | | ၂.၄၄၉.၀၂၆ | | | ၁၂၂.၀၅၈.၁၇၁ |
| ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၁၂.၈၂၉.၉၄၄ | | ၃၁၃.၄၉၇ | ၁၅.၃၈၅.၆၀၄ | | | | | ၂၈.၅၂၉.၀၄၅ |
| ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၁၂.၀၃၄.၆၀၅ | ၅.၂၁၂.၃၄၁ | ၆.၉၀၀ | ၇၈.၁၂၆.၆၆၅ | | ၁၉.၅၁၁.၇၅၁ | | | ၁၁၄.၈၉၂.၂၆၂ |
| ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁၅.၃၆၃.၁၇၈ | | ၁၁.၀၈၁ | ၁.၀၈၃.၀၉၉ | | | | | ၁၆.၄၅၇.၃၅၈ |
| ၁၅ | စက်မှု | ၎င်း | ၃.၆၇၉.၆၀၄ | | | ၁.၅၅၂.၄၉၀ | | | | | ၅.၂၃၂.၀၉၄ |
| ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၅.၉၅၅.၉၃၀ | ၁.၇၇၀ | | ၅၁၅.၆၇၀ | | | ၅၀.၀၀၀ | | ၆.၅၂၃.၃၇၀ |
| ၁၇ | ပညာရေး | ၎င်း | ၆၆၃.၈၁၁.၉၈၉ | ၄၁၄.၀၈၃ | ၃.၆၇၉.၈၇၅ | ၁၃၄.၁၀၆.၄၃၆ | | | | | ၈၀၁.၉၇၂.၃၈၃ |
| ၁၈ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၂၉၀.၅၄၂.၁၈၇ | ၃၁၁.၃၄၀ | ၁.၃၄၀.၂၆၀ | ၁၁၅.၆၄၃.၃၄၀ | | | | | ၄၀၈.၈၃၇.၁၂၇ |
| ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၁၀၆.၉၇၁.၂၀၈ | ၆၄၁.၃၆၇.၁၈၄ | ၄၁၃.၂၈၁.၀၄၄ | ၁၈.၆၈၈.၇၇၉ | ၇၇.၄၇၀.၆၀၂ | ၇၀.၅၅၇.၇၇၀ | ၅.၅၂၅.၇၄၆ | | ၁.၂၅၃.၈၁၈.၀၉၃ |
| ၂၀ | ဆောက်လုပ်ရေး | ၎င်း | ၃၃.၂၉၁.၉၄၀ | ၆၄.၂၈၄ | ၄.၈၁၂ | ၁၆၄.၉၂၀.၉၃၆ | | | ၂၅.၀၀၀.၀၀၀ | | ၂၂၃.၂၈၂.၉၇၂ |
| ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၂၀.၂၆၇.၆၅၇ | | ၄.၈၇၈.၉၁၄ | ၁.၁၁၈.၆၀၈ | | | | | ၂၇.၂၆၅.၁၇၉ |
| ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၃.၆၇၆.၇၇၄ | | ၁၇၇.၆၃၈ | ၈၄၉.၁၃၂ | | | | | ၄.၇၀၃.၁၄၄ |
| ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၈၀၃.၆၄၈ | | ၇.၀၀၀ | ၂၂၆.၉၇၇ | | | | | ၁.၀၃၇.၆၂၅ |
| ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | ၎င်း | | | | | | | | | |
| ၂၅ | ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ | ၎င်း | ၂၈၅.၂၅၂.၁၃၂ | | | | | | | | ၂၈၅.၂၅၂.၁၃၂ |
| ၂၆ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၅၀.၂၅၀.၂၅၀ | | | | | | | | ၅၀.၂၅၀.၂၅၀ |
| ၂၇ | အရေးပေါ်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော ဇယား(၁)၊ (၂)၊ (၃) နှင့်(၇)တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်ကတာဝန်ပေးသူ | ၅၀.၀၀၀.၀၀၀ | | | | | | | | ၅၀.၀၀၀.၀၀၀ |
| ၂၈ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၆၉.၅၁၅.၆၇၁ | | | | | | ၆၉.၅၁၅.၆၇၁ |
| ၂၉ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၂၃.၆၈၀.၇၆၁ | | | | | | ၂၃.၆၈၀.၇၆၁ |
| ၃၀ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၃၇.၅၀၀.၃၂၃ | | | | | | ၃၇.၅၀၀.၃၂၃ |
| ၃၁ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၆၅.၉၇၆.၀၁၈ | | | | | | ၆၅.၉၇၆.၀၁၈ |
| ၃၂ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၈၈.၃၅၇.၂၀၄ | | | | | | ၈၈.၃၅၇.၂၀၄ |
| ၃၃ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၃၂.၂၈၂.၂၀၇ | | | | | | ၃၂.၂၈၂.၂၀၇ |
| ၃၄ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၆၃.၄၀၂.၀၇၉ | | | | | | ၆၃.၄၀၂.၀၇၉ |
| ၃၅ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၆၈.၅၄၇.၆၂၂ | | | | | | ၆၈.၅၄၇.၆၂၂ |
| ၃၆ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၅၁.၅၃၇.၆၁၆ | | | | | | ၅၁.၅၃၇.၆၁၆ |
| ၃၇ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၃၅.၉၄၃.၇၀၄ | | | | | | ၃၅.၉၄၃.၇၀၄ |
| ၃၈ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၇၀.၇၅၃.၇၁၅ | | | | | | ၇၀.၇၅၃.၇၁၅ |
| ၃၉ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၀.၇၉၆.၉၅၇ | | | | | | ၁၀.၇၉၆.၉၅၇ |
| ၄၀ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၀၅.၃၆၉.၃၁၈ | | | | | | ၁၀၅.၃၆၉.၃၁၈ |
| ၄၁ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၅၆.၄၉၃.၅၄၄ | | | | | | ၅၆.၄၉၃.၅၄၄ |
| | ပေါင်း | | ၂.၆၅၄.၈၇၁.၂၈၃ | ၆၇၂.၀၇၄.၄၀၃ | ၁.၃၀၀.၂၈၇.၀၄၂ | ၁.၅၄၀.၅၄၃.၇၀၇ | ၇၇.၄၇၀.၆၀၂ | ၁၀၅.၈၇၈.၆၀၅ | ၃၀.၅၇၅.၇၄၆ | | ၆.၃၄၂.၆၂၀.၆၈၈ |

ဆက်လက်ဖော်ပြပါမည်။

# ကမ္ဘာ့ကျောက်ကပ်ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ကျန်းမာရေးအခမဲ့စစ်ဆေး၊ကျောက်ကပ်ရောဂါကာကွယ်ကုသရေးဟောပြော

**ချမ်းအေးသာစံ မတ် ၁၈**
ကမ္ဘာ့ကျောက်ကပ်ရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း လမ်း ၇၀နှင့် ၇၁ လမ်းကြား ရန်မျိုးလုံရပ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ရတနာပုံခန်းမ၌ ကျင်းပသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကျောက်ကပ် ရောဂါအထူးကုဌာန ပါမောက္ခ/ ဌာနမှူး ဒေါက်တာထား ကြည်ဆွေက ကမ္ဘာ့ကျောက်ကပ်ရောဂါ ကာကွယ်ထိန်း သိမ်းရေးနေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြော ကြားပြီး ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်က သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါ များကြောင့် နောက်ဆက်တွဲကျောက်ကပ်ပျက်စီးမှုများ ကိုလည်းကောင်း၊ ကာကွယ်ကုသနည်းများကိုလည်း ကောင်း၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာချောစုခိုင်က လူ့ခန္ဓာကိုယ်တွင်အရေးကြီး အင်္ဂါအစိတ်အပိုင်းဖြစ်သော ကျောက်ကပ်၏ ဆောင်ရွက် ချက်များနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုကာကွယ်ရန် တို့ကိုလည်းကောင်း ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာထားထားငြိမ်းက အမျိုးသမီးများ၏ ကျောက်ကပ် ကျန်းမာရေးအကြောင်းဟောပြောပြီး တက်ရောက်လာသူ များ၏ မေးမြန်းချက်များကိုပြန်လည်ဖြေကြားပေးသည်။

ကမ္ဘာ့ကျောက်ကပ်ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် တက်ရောက်လာသူများအားသွေး တိုးရောဂါ၊ ကျောက်ကပ်ရောဂါရှိ၊ မရှိသွေးပေါင်ချိန်ခြင်း၊ ဆီးစစ်ဆေးခြင်းများဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့် နှင့် အမှုဆောင်များ၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး ကျောက်ကပ်ရောဂါ အထူးကုဌာနမှပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျောက်ကပ်အစားထိုးကုသ ထားသော လူနာများ၊ စိတ်ဝင်စားသူများတက်ရောက်ကြ သည်။

**သီဟကိုကို(မန္တလေး)**





# မြို့တွင်းလမ်းများ ဆောင်ရွက်နေမှုနှင့် ကျောက်မျက်ပြပွဲ လုပ်ငန်းဆောင်ရွက်နေမှု ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မတ် ၁၈**
မြစ်ကြီးနားမြို့တွင်းလမ်းများ ဆောင်ရွက်နေမှုနှင့် ကျောက် မျက်ပြပွဲလုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၁၇ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့စက်မှု ဇုန်ရပ်ကွက်ရှိ ကျောက်မျက်ပြပွဲသို့ ရောက်ရှိပြီး ကျောက် မျက်ပြပွဲလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မြစ်ကြီးနားမြို့ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရစ်နန်ဇေလွမ်းက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် က ဖြည့်စွက်မှာကြားခဲ့ပြီး ပြည်နယ်အစိုးရ အဖွဲ့ကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီတာပူ ရပ်ကွက်နှင့် သီတာလမ်းဆုံရှိ အင်ဂျန်းခတံတားအားကြည့်ရှု စစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဇေရာရပ်ကွက်ရှိ လမ်းဦးစီးဌာနကဆောင်ရွက် လျက်ရှိသည့် ဆမားလမ်းကတ္တရာ ထပ်ပိုးလွှာခင်းနေမှုများ ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ရန်ကြီးအောင်ရပ်ကွက်ရှိ လင်းရောင်ခြည် လမ်းနှင့် ရန်အောင်မြေလမ်းခင်းနေမှု၊ မင်းရပ်ရပ်ကွက်ရှိ မင်းရပ်အားကစားကွင်းရှေ့လမ်းလျှောက်သကြိန် ပြုလုပ် မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# သကြၤန်အိုးများ မှာယူမှုများပြား

**မိတ္ထီလာ မတ် ၁၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ကုန်း ကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာတွင် ဒေသခံများ မိရိုး ဖလာလုပ်ကိုင်သည့် အိုးလုပ်ငန်းများမှ သကြၤန်အကြို အိုးများကို လတ်တလောတွင် မှာယူမှုများပြား၍ တောင် ပေါ်ဒေသသို့တင်ပို့ရောင်းချရလျက်ရှိကြောင်းသိရသည်။

သီးပင်ကုန်းကျေးရွာ အိုးလုပ်ငန်းက တစ်နှစ်ပတ်လုံး လုပ်ကိုင်ရတယ်ဆိုပေမယ့် အခုလို တန်ခူးလကနေ ကဆုန် လအထိသာ ပိုပြီးတော့ လုပ်ငန်းတွင်တွင်ကျယ်ကျယ်လုပ် ကိုင်ရတယ်။ လတ်တလော တောင်ပေါ်ဒေသဖြစ်တဲ့ ကလော၊ အောင်ပန်း၊ တောင်ကြီးဘက်ကနေ သကြၤန်အကြို အိုးတွေ မှာယူမှုများတာကြောင့် တင်ပို့ရောင်းချနေရပါ တယ်" ဟုအဆိုပါကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံတစ်ဦးဖြစ်သူ ကိုအေးဝင်းနိုင်က ပြောသည်။

သကြၤန်အကြိုအိုးများကို ဖိုတစ်ဖို ဖုတ်လျှင် အလုံး ရေ တစ်ထောင်ခန့်ဖုတ်ရပြီး အိုးကုန်သည်ပွဲစားများက တစ်ကြိမ်မှာယူလျှင် အိုးအရေအတွက် ခြောက်ထောင်မှ ခုနစ်ထောင်ခန့်အထိ မှာယူကာ တောင်ပေါ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မန္တလေးမြို့တွင် လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး မတ် ၁၈**
မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော "လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း Public Talk ဆွေးနွေးပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမတွင် မတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းတိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ တိုင်းဒေသကြီး လွှတ်တော်



ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၊ စီးပွားရေး လုပ်ငန်းရှင်များ၊အလုပ်သမားများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ ဒေသခံပြည်သူ ၆၀၀ ခန့် တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုး ပြည်သူ့စကားဝိုင်း Public Talk ဆွေးနွေးပွဲကျင်းပ ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ပြည်ကြီးတံခွန် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးသန်းအောင်၊ ဒေါ်အေးမိစံ(MD. United Pacific Co.Ltd and Advanced Myanmar Star Co.Ltd)၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဦးခင်မောင်သွင်၊ စာရေးဆရာ အနီမောင် (ပြည်ကြီးတံခွန်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ)၊ စီးပွားရေးလုပ်ငန်းရှင် ဦးအောင်တိုး နှင့် စီးပွားရေးလုပ်ငန်းရှင် ဦးရဲဝင်းအောင်တို့က ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာ ကြသူများက သိရှိလိုသည်များအား မေးမြန်းကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော မန္တလေးခရိုင် Community Centre မှ ဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ခြောက်ခုမြောက် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဘားအံစက်မှုပညာသင်တန်းကျောင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ဘားအံ မတ် ၁၈**
ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုအထက်တန်းကျောင်းရှိ သင်တန်းသားများအား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပညာပေးဟောပြောရာတွင် ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးက မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် နွေရာသီကာလရောက်လာသည်နှင့်အမျှ မီးသုံးစွဲမှုဂရုစိုက်ရေး၊ ကြိုတင်ကာကွယ် ထားသင့်သည့်အချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan တို့ ပူးပေါင်းဖွင့်လှစ်သော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုအထက်တန်းကျောင်းရှိ သင်တန်းသား ၉၀ အား မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်လျှင် မီးငြိမ်းသတ်ရမည့် နည်းလမ်းများ၊ ရေစိုအဝတ်ပိုင်းဖြင့် ဖုံးအုပ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## လူငယ်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**တာမွေ မတ် ၁၈**

မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ရန်ကုန်အရှေ့ပိုင်းခရိုင်၏ စီစဉ်မှုဖြင့် တာမွေမြို့နယ် ကျောက်မြောင်းကြီး ရပ်ကွက် စိန္တာမယဓမ္မာရုံတော်ကြီး၌ မတ် ၁၈ ရက် နံနက် ၈ နာရီခွဲခန့်က လူငယ်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

"လူငယ် ယဉ်ကျေးလိမ္မာသင်တန်းကို ငါးနှစ်မှ ၁၅ နှစ်အတွင်း လူငယ်မောင်မယ်သားသမီးလေးတွေ ၁၂၀ ခန့် တက်ရောက်ကြပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာ အချိန်မဖြုန်းဘဲ ဒီသင်တန်းကို တက်ရောက်ကြတဲ့အတွက် ကလေးမိဘများကို ကျေးဇူးတင်ပါတယ်"ဟု ရပ်ကွက်အသင်းဘဏ္ဍာရေးမှူး ဦးအောင်မြင့်မြတ်မှပြောသည်။

အဆိုပါသင်တန်းသို့ မြို့နယ်သံဃနာယကဆရာတော်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်း တာဝန်ရှိသူများ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်နှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **၁၉၇**

## မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ကျုံပျော် မတ် ၁၈**

ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်နှင့် ရဲတင်းသွက်လက်မှုရှိစေရန် ရည်ရွယ်၍ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကလေးငယ် ၃၀ က သစ်သီးပုံ ဆေးရောင်ခြယ်ခြင်းကို ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယခုကဲ့သို့ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းသည် ကလေးများ၏ အရည်အသွေးများ တိုးတက်ပြီး၊ ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားသမီးကောင်းများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း မန်းမြစိန်သုတပဒေသာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

ထို့နောက် ဆုရရှိသည့် ကလေးငယ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# နွေစပါးစိုက်ပျိုးသည့်တောင်သူများ အောင်ရေလိုအပ်ချက် မရှိစေရန် ရေလုံလောက်စွာဖြည့်ဆည်းပေး

**ရေတာရှည် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေလှောင်တမံမှ နွေစပါးစိုက်ဧကပေါင်း ၂၃၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိပြီး ယခုအချိန်သည် နွေစပါးစိုက်ခင်းများ သားကပ်ချိန်ဖြစ်၍ တောင်သူများအောင်ရေလိုအပ်ချက် မရှိစေရန် ရေပေးမြောင်းမကြီးများ၊ မြောင်းခွဲများအလိုက် ထည့်ပေးလျက်ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှသိရှိရသည်။



"ဒီနှစ်မှာ ရေပေးမြောင်းအလိုက်ကို နေ့စဉ်လိုက်လံကြည့်ရှုပြီး ရေလိုအပ်မှုမရှိအောင်ထည့်ပေးနေပါတယ်၊ တောင်သူတွေ ဘက်ကလည်း ရေလိုတယ်ဆိုတဲ့တောင်းဆိုမှုတွေမရှိတော့ပါဘူး၊ ဒီလနဲ့ နောက်လကို သေချာဂရုစိုက်ပြီး လုပ်ပေးရမှာပါ၊ ဒါမှ အောင်ရေအတွက် တောင်သူတွေ စိတ်ချရမှာ"ဟု မြို့နယ်ဦးစီးအရာရှိ ကရှင်းလင်းပြောကြားသည်။

နွေစပါးစိုက်ပျိုးကြရတွင် ရက် ၉၀ သက်တမ်းရှိ ထိုင်းကောက်နှင့် ရက်လေးဆယ် ရတနာတိုးစပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာကြဲပက်ရာ၌ တတိယအရစ် အသီးအားပေးသည့် မြေဩဇာများကို ကြဲပက်နေကြပြီဖြစ်သည်။

"အခုအချိန်က အပူချိန်ကအလွန် ပြင်းတယ်။ ရေပူပြီး အမြစ်တွေမပုပ်အောင် ရေပူရေအေးလဲပေးရတာရှိပါတယ် ရေအားကောင်းတော့ ကျွန်တော်တို့တောင်သူတွေ အဆင်ပြေကြပါတယ်။ ထွက်နှုန်းလဲ မနှစ်ကထက်စာရင်ဒီနှစ်ပိုလိမ့်မယ်ထင်တယ်။ စပါးဈေးကောင်းပါစေလို့ပဲဆုတောင်းရမှာပဲ။ ဘာလို့လဲဆိုတော့ တောင်သူတိုင်းလိုလိုသွင်းအားစု ကုန်ကျစရိတ်တွေက တစ်နှစ်ထက်တစ်နှစ်ပိုလာတယ်"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ တောင်သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## မြိတ်မြို့၌ပထမအကြိမ် မြိတ်ပုလဲမြေ L.J.LED ကမ္ဘာ့မီးအလှပြပွဲတော်ကျင်းပ

**မြိတ် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ် ကမ်းနားလမ်း သဲကွင်း၌ ပထမအကြိမ်မြိတ်ပုလဲမြေ L.J. LED ကမ္ဘာ့မီးအလှပြပွဲတော်ကို မတ် ၁၇ ရက် ည ၆ နာရီက ဖွင့်လှစ်ခဲ့ရာဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် L.J ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြင့်တို့က မီးအလှပြပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက မြိတ်ပုလဲမြေ LED မီးအလှပြပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ထွန်း၊ မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ L.J ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြင့်တို့က မြိတ်ပုလဲမြေ LED ရောင်စုံမီးအလှပွဲတော်တွင် ရောင်စုံမီးအလှများဖြင့် ပြင်ဆင်ပုံဖော်ထားရှိမှုများကို ကြည့်ရှုကြသည်။

အဆိုပါမီးအလှပြပွဲကို မတ် ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မီးအလှပြပွဲတွင် LED မီးလုံးပေါင်း သန်း ၂၀၀ ကျော်ဖြင့် မြန်မာနိုင်ငံတော်မြေပုံ၊ ဖူဂျီမီးတောင်ပုံ၊ ပဲရစ်မျှော်စင်ပုံ၊ နှင်းဆီပန်းခင်း၊ လပြည့်ဝန်းပုံ၊ အသည်းပုံလှျောက်လမ်း၊ မြန်မာ့တူရိယာစောင်း၊ ပတ္တလားပုံများ၊ ဆွမ်းအုပ်ပုံများ၊ ဂီတာ၊ မျက်မှန်၊ စန္ဒရား၊ လိပ်ပြာ၊ သင်္ဘော၊ မုတ်ကောင်နှင့်ပုလဲ၊ ရေသတ္တဝါပုံများကိုရောင်စုံမီးအလှများဖြင့် ပြင်ဆင်ပုံဖော်ထား ကြောင်း သိရသည်။



မီးအလှပြပွဲကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး ရဟန်းသံဃာများ၊ သီလရှင်များ၊ အသက် ငါးနှစ်အောက် ကလေးငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းပုဂ္ဂိုလ်များအနေဖြင့် အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ဈေးဝန်းကျင်သန့်ရှင်းသာယာစေရေးနှင့်ရေစီးရေလာကောင်းရေးဆောင်ရွက်



**လှိုင် မတ် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဈေးများဝန်းကျင်တွင် စည်းကမ်းမဲ့အမှိုက်ပုံများ ပပျောက်စေရေးနှင့် ရေစီးရေလာကောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မြောက်ပိုင်းခရိုင် ဈေးများဌာနမှ ဌာနစုမှူးဦးရဲဦးမော်နှင့် အမှတ် (၁၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ အုတ်ကျင်းဈေးဝန်းကျင်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်ပုံကိုသိမ်းဆည်းရှင်းလင်းခြင်းနှင့် ဈေးဘေးရှိ မြနန္ဒာလမ်းတစ်လျှောက်ရေစီးရေလာကောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မြင်တွေ့ရသည်။

"လှိုင်မြို့နယ်ရဲ့ဒေသတွင်း တစ်ရက်စွန့်ပစ်အမှိုက်က စုစုပေါင်းတန် ၈၀ နဲ့ ၉၀ ကြားမှာရှိပါတယ်။ အုတ်ကျင်းဈေးရဲ့ အမှိုက်က တစ်လကို ၁၅ တန်ခန့်ရှိပါတယ်" ဟု မြို့နယ်သန့်ရှင်းရေးဌာန တာဝန်ခံကမြို့နယ်အတွင်း စွန့်ပစ်အမှိုက် သိမ်းဆည်းရှင်းလင်းပေးနေမှုကို ရှင်းပြပြောဆိုသည်။

အဆိုပါလုပ်ငန်းခွင်တွင် မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ စီမံဌာနဝန်ထမ်းများ၊ အုတ်ကျင်းဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သန့်ရှင်းရေးလုပ်သားများ၊ မြောင်းရှင်းလုပ်သားများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ လုပ်သားများက အုတ်ကျင်းဈေးပတ်ဝန်းကျင်ရှိ စည်းကမ်းမဲ့ စွန့်ပစ်ထားသောအမှိုက်ပုံအား သိမ်းဆည်းရှင်းလင်းခြင်း အန္တရာယ်ရှိသစ်ကိုင်းသစ်ခက်များ၊ ချုံနွယ်မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဈေးဘေးရှိ မြနန္ဒာလမ်းတစ်လျှောက် ရေနုတ်မြောင်းပိတ်ဆို့နေမှုကို ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

**မောင်သုည**

## သတင်းတိုများ

### သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာ

**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၄) ရပ်ကွက်၊ ပင်လုံလမ်းရှိ သစ်တောဓမ္မာရုံရှေ့တွင် မှုခင်းပညာပေးယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးစောမြိုင်အုန်းတို့က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူ ၁၀၀ ခန့်အား မတ် ၁၆ ရက်က မှုခင်းကျူးလွန်မှုကင်းဝေးရေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ကျောက်တံတားမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၃) ရပ်ကွက် ၃၅ လမ်းရှိဓမ္မရံသီဓမ္မာရုံ၌ မတ် ၁၇ ရက် ညနေ ၅ နာရီက ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက အမျိုးသမီးများ၏ လူမှုဘဝလုံခြုံရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောခဲ့ရာ ပြည်သူ ၄၀ ခန့် တက်ရောက်ခဲ့ ကြောင်း သိရသည်။

**၁၁၈**

**ဗိုလ်တထောင်မြို့နယ်**

သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာဆွေးနွေး ဟောပြောပွဲကို မတ် ၁၃ ရက် ညနေ ၇နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ အသိပညာပေးဆွေးနွေးဟောပြောပွဲတွင် ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျူးလွန်မှုကင်းဝေးရေးများကို ဆွေးနွေးဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)**

ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (စစ်တောင်း ရိပ်မွန်) (၉၂) ရပ်ကွက်၊ မြသီတာပန်းဥယျာဉ်ရှေ့ မြသီတာလမ်း၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် မတ် ၁၇ ရက် နံနက်ပိုင်းက ဒေသခံပြည်သူများကို ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများ၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ အန္တရာယ်တားဆီးကာကွယ်ရေး မဖြစ်ပွားစေရေး အသိပညာပေးဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၂၇)မှ ရဲအုပ်အောင်မြင့်နှင့် မြို့မရဲတပ်ဖွဲ့စခန်းမှ (ခေတ္တ) စခန်းမှူး ရဲအုပ်ဝင်းကို တို့က မှုခင်းပြခန်းယာဉ်သို့ လာရောက်ကြည့်ရှုလေ့လာသူများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**၅၁၂**

# အခွန်တာဝန်ကျေပွန်ခြင်းဖြင့် အနာဂတ်ကိုအလှဆင်

ကျော်ထင်(နေပြည်တော်)

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ၎င်းတို့နိုင်ငံနှင့် လိုက်ဖက်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းထားသောဥပဒေများတွင် နိုင်ငံအတွက်အရေးပါသော ဥပဒေတစ်ရပ်မှာ အခွန်အကောက်ဥပဒေဖြစ်သည်။ ထိုဥပဒေနှင့်အညီ နိုင်ငံ၏အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် ပြည်သူများက ထမ်းဆောင်ကြရသည်။ ထိုအခွန် ဘဏ္ဍာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရေးအတွက် ပြဋ္ဌာန်းထားသော အခွန်အကောက် ဥပဒေနှင့် အခွန်ဘက်ဆိုင်ရာဝန်ထမ်းများက ကောက်ခံကြရာ ပြည်သူများကလည်း အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရသည်မှာ နိုင်ငံတိုင်း၏တူညီသော အချက်ဖြစ်သည်။ သို့သော် အခွန်ကောက်ခံသည့်နှုန်းထားမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားသည်။

နိုင်ငံတစ်နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေး၊ သဘာဝသယံဇာတအရင်းအမြစ်များ မဆုံးရှုံးစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် အုပ်ချုပ်သူအစိုးရတို့က အခွန်ဘဏ္ဍာရငွေကို အားထားကြပြီး ရရှိသောအခွန်ဘဏ္ဍာ ငွေဖြင့် နိုင်ငံအတွင်း လိုအပ်မှုများကို စီမံခန့်ခွဲကာ ခွဲဝေသုံးစွဲကြသည်။ ထို့ကြောင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားများ ထမ်းဆောင်သည့်အခွန်ငွေသည် နိုင်ငံ့အကျိုးပြု ဘဏ္ဍာငွေဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန် အများဆုံးပေးဆောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးစဉ်။ သတင်းစဉ်

## စိတ်ရင်းစေတနာမှန်

နိုင်ငံ့သားကောင်းဟူသည် နိုင်ငံတော်အပေါ် ထမ်းဆောင်ရန်ရှိသည့် အခွန်ဘဏ္ဍာငွေကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့သားကောင်းပီသသည့်စိတ်နှင့် မိမိတို့၏မြင့်မြတ်သည့် ခံယူချက်တို့ကို ဖော်ထုတ်ပြသနိုင်ပေသည်။ နိုင်ငံသားများက အခွန်တာဝန်ကို ကျေကျေနပ်နပ် တာဝန်သိသိ ထမ်းဆောင်လိုသည့် စိတ်ဓာတ်များရှိစေရန်အတွက် အခွန်ကောက်ခံသည့် နိုင်ငံ့ဝန်ထမ်းများက အခွန်ကောက်တာဝန်ကို စိတ်ရင်းစေတနာမှန်စွာဖြင့် သစ္စာရှိရှိကောက်ခံကြရန် အထူးလိုအပ်သည်။

နိုင်ငံတကာတွင် အခွန်ရှောင်သည့် နိုင်ငံသားတစ်ဦးကို ၎င်းတို့ပြဋ္ဌာန်းထားသော အခွန်ဥပဒေနှင့်အညီ အပြစ်ကြီးစွာပေးလေ့ရှိပြီး အခွန်ရှောင်ခြင်းသည် ရှက်ဖွယ်ကောင်းသောလုပ်ရပ်ဟု သတ်မှတ်ကြသည်။ မြန်မာနိုင်ငံတွင် အခွန်ဆောင်သည့် ယဉ်ကျေးမှုနှင့်ယခင်ကကင်းဝေးခဲ့သည်။ ပြည်သူများကြားတွင် အခွန်ယဉ်ကျေးမှု ကျယ်ကျယ်ပြန့်ပြန့်မထွန်းကားခဲ့။ နိုင်ငံတော်အတွက်များစွာနစ်နာခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ခဲ့သည်။ အရပ်သားအစိုးရလက်ထက်တွင် အခွန်ယဉ်ကျေးမှုထွန်းကားအောင် ကြိုးပမ်းခဲ့သည်။ အခွန်နှင့်ပတ်သက်၍ ဗဟုသုတနည်းပါးသူများထံမှ အစိုးရအပေါ် ဝေဖန်သံများကြားရသည်။ နိုင်ငံတော်၏ ကဏ္ဍအသီးသီးအတွက် ခွဲဝေသုံးစွဲရသော ဘဏ္ဍာငွေတောင့်တင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်။ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်။ ယင်းအချက်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။ အခွန်ထမ်းဆောင်ရန် တာဝန်ရှိသူအားလုံးက စိတ်စေတနာမှန်ကန်စွာဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် အခွန်မရှောင်ဘဲ အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြလျှင် အခွန်ယဉ်ကျေးမှုသည်လည်း တစ်စထက်တစ်စ တိုးတက်ထွန်းကားလာမည်ဖြစ်သည်။ အခွန်ထမ်းဆောင်ခြင်း ယဉ်ကျေးမှုကို ပြည်သူအားလုံး၏ ရင်ထဲတွင်စွဲထင်လာလျှင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် အလျင်အမြန်ပြောင်းလဲလာမည်ဖြစ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာ

ယခုလ ၆ ရက်နေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတအိမ်တော်တွင် အခွန်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူများထဲမှ အခွန်အများဆုံး ပေးသွင်းခဲ့ကြသည့် ဝင်ငွေခွန်ထမ်းဆောင် သူ ၁၀ ဦး၊ ကုန်သွယ်ခွန်ထမ်းဆောင်သူ ၁၀ ဦးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က "နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ"များ ပေးအပ်ချီးမြှင့်ခဲ့သည်ကို ရေဒီယို၊ ရုပ်မြင်သံကြား၊ ပုံနှိပ်သတင်းစာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မြင်တွေ့ခဲ့သည်။ အခွန်ထမ်းဆောင်သူများ၏ အခန်းကဏ္ဍ မည်မျှအရေးပါ အရာရောက်ကြောင်းကို ပြသခဲ့သည့် ဤသတင်းများကြောင့် စာရေးသူ ခေါင်းထဲတွင် အတွေးတစ်စပေါ်လာသလို နိုင်ငံသားများ အခွန်မရှောင်ဘဲ အခွန်ဆောင်ရန် တိုက်တွန်းလိုသည့် စေတနာဖြစ်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီးက အခွန်အများဆုံးဆောင်ခဲ့သည့် နိုင်ငံသားများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခဲ့ရာတွင် တစ်မူထူးခြားသည်မှာ ဦးစွာဂုဏ်ထူးဆောင်ဆုတစ်ဆုပေးအပ်ချီးမြှင့်ခဲ့ခြင်းကို သတိပြုမိသည်။ ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်ထမ်းဆောင်ခဲ့ခြင်း ဆုဖြစ်သည်။ ပထမအခွန်စည်းကြပ်နှစ်တွင် ၆ ဒသမ ၈၅ ဘီလီယံ၊ ဒုတိယနှစ်တွင် ၁၀ ဒသမ ၈၂၇ ဘီလီယံ၊ တတိယနှစ်တွင် ၁၇ ဒသမ ၀၆၂ ဘီလီယံ၊ စတုတ္ထနှစ်တွင် ၂၂ ဒသမ ၀၁၄ ဘီလီယံ၊ ပဉ္စမနှစ်တွင် ၂၃ ဒသမ ၁၁၅ ဘီလီယံနှင့် ဆဋ္ဌမနှစ်တွင် ၂၈ ဒသမ ၀၄၂ ဘီလီယံဖြင့် အခွန်စည်းကြပ်နှစ်စာအတွက် စုစုပေါင်းငွေကျပ် ၁၀၇ ဒသမ ၁၁၅ ဘီလီယံ နိုင်ငံတော်သို့ ပေးသွင်းခဲ့ခြင်းကြောင့် 'တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော စံပြအခွန်ထမ်းလုပ်ငန်းရှင်' ဖြစ်သည့်အတွက် "နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု" ချီးမြှင့်ခြင်းခံရသည်ကို သဘောပေါက်မိသည်။ ဤသို့ထူးကဲစွာတာဝန်ကျေသော နိုင်ငံသားတစ်ယောက်အတွက် မုဒိတာပွားမိသည်။

## လေးစားအားကျ

မြန်မာနိုင်ငံတွင် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ အမြောက်အမြားရှိသည်။ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည့် အခမ်းအနားတွင် ထိပ်တန်းအခွန်ပေးသွင်းကြသူများ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာရယူခဲ့သည့်ပုံရိပ်များမှာ ဝမ်းမြောက်ပီတိဖြစ်ဖွယ်ဖြစ်သည်။ နိုင်ငံ့သားကောင်းပီသသည့် အဆိုပါအခွန်ထမ်းများအား လေးစားအားကျမိသည်။ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုရရှိ ခဲ့သူ ဦးအောင်ကိုဝင်းမှာ ယခင်က နိုင်ငံတော်သမ္မတ၏စွမ်းဆောင်ရည်ဆုတစ်ကြိမ်၊ နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု နှစ်ကြိမ် ရရှိခဲ့ဖူးသလို ၎င်း၏စွမ်းဆောင်မှုများကိုလည်း အမှတ်ရမိသည်။

အရပ်သားအစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုကို ပထမဆုံးပေးအပ်ချီးမြှင့် ခံရသူဖြစ်ခြင်း၊ အာဆီယံ နှစ်ငါးဆယ်အတွင်း ပထမဆုံးအကြိမ်ပေးအပ်ချီးမြှင့်သည့် THE LEGACY AWARD (အာဆီယံထူးချွန် စံပြစီးပွားရေးလုပ်ငန်းရှင်ဆု)ရရှိခဲ့ခြင်း၊ နှစ်စဉ် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ မှ ချီးမြှင့်သော ဆုများစွာတို့ကို လက်ခံရရှိခဲ့ခြင်း၊ ကြိုတင်အခွန်များကို ပေးသွင်းရန် စနစ်တကျဆောင်ရွက်ထားခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိကအထောက်အကူပြုလျက်ရှိခြင်း၊ နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များ အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီပေးနိုင်ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျအတုယူစရာ ရှေ့ဆောင်လမ်းပြ စံနမူနာပြဖြစ်ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုး၊ ဘာသာမရွေး၊ နေရာဒေသမရွေး ကဏ္ဍအသီးသီးတွင် ကျပ် ငွေ ၁၃၈ ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း စသည့်အချက်များကြောင့် အတုယူလေးစားထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သူဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

## အနာဂတ်ခေါင်းဆောင်ကောင်း

နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ အားလုံးတို့သည် နိုင်ငံတော်က ကဏ္ဍအသီးသီးတွင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အောင်မြင်စေရန် လိုအပ်သည့်ဘဏ္ဍာငွေများ အပြည့်အဝရရှိစေရန်အတွက် အခွန်အခများသည် အရေးကြီးသည်။ ယင်းအခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအား ပျိုးထောင်ပေးနိုင်သည်။ နိုင်ငံသားပီသသည့် စိတ်ဓာတ်ကောင်းများ၊ နိုင်ငံ့အကျိုးအတွက် စံနမူနာပြလုပ်ဆောင်မှုများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ခေါင်းဆောင်ကောင်းများ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်အတွက် အထောက်အပံ့ကောင်းဖြစ်သည်။

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအနက်မှ နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်ဆု ရရှိသည့် ပုဂ္ဂိုလ်ကို စံနမူနာပြအဖြစ် တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ဂုဏ်ထူးဆောင်၊ ဂုဏ်ပြုမှတ်တမ်းမရသော်လည်း အခွန်တာဝန်ကို အတတ်နိုင်ဆုံးကျေပွန်စွာ ထမ်းဆောင်သည့် နိုင်ငံသားအားလုံးကိုလည်း အသိအမှတ်ပြုပါသည်။ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကဲ့သို့ စံပြအခွန်ထမ်း လုပ်ငန်းရှင်များအား လေးစားဂုဏ်ပြုလျက် ပြည်သူပြည်သားအားလုံး အခွန်ဆောင်ခြင်းဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းမည်ပါကြောင်း 'အခွန်တာဝန်ကျေပွန်ခြင်းဖြင့် နိုင်ငံ့အနာဂတ်ကို အလှဆင်ကြဖို့' လေးစားစွာဖြင့် တင်ပြလိုက်ပါသည်။ ။

"အခွန်ထမ်းဆောင်ရန် တာဝန်ရှိသူအားလုံးက စိတ်စေတနာမှန်ကန်စွာဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် အခွန်မရှောင်ဘဲ အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြလျှင် အခွန်ယဉ်ကျေးမှုသည်လည်း တစ်စထက်တစ်စ တိုးတက်ထွန်းကားလာမည်ဖြစ် . . ."

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။**




## ပရိသတ်ကို အရေးကြီးတဲ့ သတင်းစကားပါးချင်နေတဲ့ ဂျီဂျီဟာဒစ်

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ ချစ်သူနဲ့ လမ်းခွဲလိုက်တဲ့ ဂျီဂျီဟာဒစ်ဟာ လမ်းခွဲပြီး ရက်ပိုင်းအကြာမှာ နယူးယောက်က အိမ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့ခဲ့ရပါတယ်။ ဒီလို အိမ်ပြန်လာတဲ့ ဂျီဂျီဟာဒစ်ဟာ လက်ထဲမှာတော့ ပရိသတ်တွေကို ပြောချင်နေတဲ့ သတင်းစကားတွေ ပါဝင်နေတဲ့ ဖုန်းကာဗာကို ကိုင်ဆောင်ကာ ရောက်လာခဲ့တာကို တွေ့ခဲ့ရတာ ဖြစ်ပါတယ်။

ဂျီဂျီဟာဒစ်ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့က နယူးယောက်မှာရှိတဲ့ သူ့ရဲ့ နေအိမ်ဆီ ပြန်လာခဲ့ရာမှာတော့ အနီရောင်ကာဗာတပ်ဆင်ထားတဲ့ ဖုန်းကို ကိုင်ဆောင်လာခဲ့ပြီး ယင်းကာဗာပေါ်မှာတော့ စာသားအချို့ ပါရှိနေတာကို တွေ့ရပါတယ်။ ယင်းစာသားတွေရဲ့ အဓိပ္ပာယ်ကတော့ လူမှုကွန်ရက်မီဒီယာက သင့်ရဲ့ စိတ်ခံစားကြွခိုင်မှုကို ဆိုးဆိုးရွားရွား ထိခိုက်စေပါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဂျီဂျီဟာဒစ်နဲ့ ပေါ့ပ်ကြယ်ပွင့် ဇေမာလိခ်တို့ လမ်းခွဲခဲ့ရတဲ့ ဇာတ်လမ်းမှာ လူမှုကွန်ရက်မီဒီယာတွေက အကြောင်းအရင်းတစ်ရပ်အဖြစ် ပါဝင်နိုင်ကြောင်း၊ ဇေမာလိခ်နဲ့ လမ်းခွဲခဲ့တဲ့အပေါ် ဝေဖန်ခံခဲ့ရတဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီက သူ့ကို ဝေဖန်ခဲ့ကြတဲ့သူတွေကို လမ်းခွဲခဲ့ရတဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး သတင်းစကားပေးလိုတာဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ စုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့် ဇေမာလိခ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့ဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နှစ်ဦးစလုံးက တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ နှစ်နှစ်ကြာ တွဲသွားတွဲလာ အတူရှိခဲ့ပြီးနောက်မှာတော့ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ရုတ်တရက် ကြေညာလိုက်တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာတော့ ဂျီဂျီဟာဒစ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ဇေမာလိခ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ အလားတူ ဇေမာလိခ်ဘက်ကလည်း တရားဝင်ထုတ်ဖော်ခဲ့ပြီး ဂျီဂျီဟာဒစ်နဲ့ သူ့ရဲ့မိခင်ဖြစ်သူ ရိုလန်းဒါးဟာဒစ်တို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေကို အန်ဖောလိုးလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။



## One Direction ကို ပြန်ပြောင်းသတိရစေခဲ့တဲ့ လီယမ်ပိန်း

ဗြိတိန်ရဲ့ ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “One Direction”ဟာ အမျိုးသားတေးသံရှင်ငါးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ တေးဂီတအဖွဲ့ဖြစ်ပြီး အဖွဲ့အောင်မြင်နေတဲ့အချိန်မှာပင် အဖွဲ့လိုက် တေးဂီတလှုပ်ရှားမှုတွေကို ရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း အဖွဲ့လိုက်လှုပ်ရှားမှုတွေ ရပ်နားသွားခဲ့ပြီး အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တွေကိုသာ နားဆင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းက ယခင်ရိုက်ကူးခဲ့တဲ့ အဖွဲ့လိုက်ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ “One Direction”ပရိသတ်တွေအဖို့ အတိတ်ကို ပြန်ပြောင်းသတိရစေခဲ့တာ ဖြစ်ပါတယ်။

လီယမ် ဖော်ပြခဲ့တဲ့ဓာတ်ပုံမှာ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟယ်ရီစတိုင်၊ လူးဝစ်တွမ်လစ်ဆန်၊ နီးလ်ဟော်ရန်၊ ဇေမာလိခ်နဲ့ လီယမ်တို့အားလုံးပါဝင်နေတာဖြစ်ပြီး ပရိသတ်တွေကို အတိတ်က အဖြစ်အပျက်တွေ သတိရစေလိုပေမယ့် အချို့သောပရိသတ်တွေကတော့ ယင်းဓာတ်ပုံဟာ သူတို့ကို ဝမ်းနည်းလွမ်းဆွတ်မှုတွေကိုသာပေးကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ပရိသတ်တစ်ဦးကတော့ “One Direction”ရဲ့ တေးသီချင်းသစ်တွေကို ကြားခွင့်မရတော့တဲ့ ပရိသတ်တွေအတွက်တော့ အနာဟောင်းကို ဆွခြင်းသာဖြစ်တယ်လို့လည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ အခြားပရိသတ်တစ်ဦးကတော့ “လီယမ်ရေ မင်း ငါတို့ကို သေစေချင်နေတာလား”လို့ မှတ်ချက်ပြုခဲ့တာ တွေ့ရပါတယ်။

အချို့သောပရိသတ်တွေကတော့ ဒါဟာ “One Direction” ပြန်လည်အသက်ဝင်လာတာဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ကြပေမယ့် အဖွဲ့လိုက်လှုပ်ရှားမှုအတွက် အစီအစဉ်သစ်တွေကတော့ လတ်တလောအချိန်အထိ မရှိသေးဘဲ လီယမ်ရဲ့ စနောက်မှုတစ်ခုသာ ဖြစ်ခဲ့ပါတယ်။ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်တဲ့ လီယမ်ဟာ မတ်လအတွင်းမှာ အသက် ၂၂ နှစ်ပြည့်တော့မှာလည်း ဖြစ်ပါတယ်။

အေးပြည့်
ရေးသားသည်



## ကိုယ့်အတွက်ပဲ အချိန်ပေးတော့မယ်ဆိုတဲ့ ဆယ်လီနာဂိုမက်ဇ် ဂျက်စတင်ဘီဘာကို ထားခဲ့ပြီလား

လတ်တလော ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ပေါ်ထွက်လာခဲ့တဲ့ များစွာသောသတင်းတွေအနက် ပေါ့ပ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ သတင်းတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ လက်ရှိမှာတော့ ဂျက်စတင်ဘီဘာနဲ့ ခေတ္တခွဲကာ မိမိအတွက် အချိန်တွေကို ကုန်ဆုံးစေမှာဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဂျက်စတင်ဘီဘာနဲ့ တစ်ကျော့ပြန် လက်တွဲခဲ့ပြီးနောက် ဆယ်လီနာဂိုမက်ဇ်ဟာ ဖိအားမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် မီဒီယာတွေရဲ့ အာရုံစိုက်မှုကိုခံခဲ့ရပြီး မိခင်နဲ့လည်း ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ရပါတယ်။ မီဒီယာတွေကလည်း ဆယ်လီနာဂိုမက်ဇ်အပေါ် အာရုံထားရတဲ့အကြောင်းအရင်းကလည်း သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတွေဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆက်ဆံရေး၊ မိခင်ဖြစ်သူနဲ့ သူ့အကြားက ပြဿနာတွေကြောင့်ဖြစ်ပြီး များသောအားဖြင့် မီဒီယာတွေကတစ်ဆင့် ထွက်ပေါ်လာတဲ့ ကောလာဟလတွေဒဏ်ကိုလည်း ခံစားခဲ့ရတာဖြစ်ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ ပင်ပန်းလာတဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ လော့စ်အန်ဂျလိစ်မှ ထွက်ခွာကာ အားလုံးနဲ့ဝေးရာမှာ နေထိုင်ရင်း ကိုယ့်အတွက်သာ အချိန်တွေ ကုန်လိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဆယ်လီနာနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ ပေါ့ပ်ကြယ်ပွင့်ဟာ မိခင်ဖြစ်သူကို သွားရောက်ကြည့်ရှုရင်း မိခင်နဲ့ သူ့အကြားက ဆက်ဆံရေးကို ကောင်းမွန်အောင် ပြန်လည်တည်ဆောက်လိုတာဟာ သူ့ရဲ့ပထမဦးစားပေးလုပ်ဆောင်သွားမယ့်အရာဖြစ်တယ်လို့လည်း သိရပါတယ်။ ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲလိုက်တာမျိုးမဟုတ်ပေမယ့် ခေတ္တဝေးနေကာ မိမိအတွက်သာ အချိန်တွေကို ကုန်ဆုံးလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာတော့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာလည်း အချို့သော ဟောလိဝုဒ်မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူနေတာကိုလည်း တွေ့ရပါတယ်။ ဒီသတင်းတွေနဲ့ပတ်သက်ပြီး ကာယကံရှင်တွေဘက်က လတ်တလောအချိန်အထိတော့ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

# ဆယ်စုနှစ်အတွင်း ရေထွက်ကုန်ပြည်ပတင်ပို့မှု ဝင်ငွေနှင့် ကုန်ချိန်အများဆုံးနှစ်အဖြစ်သတ်မှတ်နိုင်

**ဖျာပုံ မတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏အဓိကလိုအပ်ချက်ဖြစ်သည့် ပြည်ပဝင်ငွေရရှိရေး ဆောင်ရွက်ရာတွင် တတိယအဆင့်တွင်ရှိနေပြီး နှစ်စဉ်လည်း လျာထားဝင်ငွေထက် ကျော်လွန်ရရှိရေးကို သက်ဆိုင်ရာအသင်းအဖွဲ့ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုဖြင့်ဝင်ငွေများရရှိလျက်ရှိရာ ၁၀ စုနှစ်ကာလအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်မှု ကုန်ပမာဏနှင့် ပြည်ပဝင်ငွေအများဆုံးရရှိသော နှစ်အဖြစ်စံချိန်တင်နိုင်ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန် ၃၅၁၆၅၂ ဒသမ ၀၅ တင်ပို့နိုင်မှုမှ အမေရိကန်ဒေါ်လာ ၅၆၁ ဒသမ၀၂သန်း၊ နောက်ငါးနှစ်အကြာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၃၈၆၉၈၁ ဒသမ ၃၂ တန်မှ အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၈၅ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မှတ်တမ်းများအရ သိရသည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၅၀ ဝင်ငွေရရှိရေး လျာထားဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်အထိရေထွက်ပစ္စည်း မက်ထရစ်တန် ၅၂၂၃၀၀ ဒသမ ၂၆၁ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်းပေါင်း ၆၆၂ ဒသမ ၉၇၃ ရရှိပြီးဖြစ်၍ ဘဏ္ဍာနှစ်မကုန်မီမှာပင် လျာထားငွေကျော်လွန်ရရှိနေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ ဝင်ငွေတိုးမြင့်ရရှိခြင်းမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့သည့် နိုင်ငံပေါင်း ၃၀ သာရှိခဲ့ရာမှ နောက်ပိုင်းကာလများတွင် ရေထွက်ပစ္စည်းများ၏ အရည်အသွေးမြင့်ပြီး ဈေးကွက်တိုးချဲ့ ရှာဖွေခဲ့ရာ ယခုအခါ အီးယူနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်အထိ တင်ပို့လျက်ရှိနေကြောင်းသိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာအသင်းအဖွဲ့ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဘဏ္ဍာနှစ်မကုန်မီမှာပင် ဝင်ငွေလျာထားချက်ထက်ကျော်လွန်ရရှိထားသော်လည်း မူလရည်မှန်းထားသည့် အမေရိကန်ဒေါ်လာသန်း ၇၀၀ ရာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# အနော်ရထာတံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်



**ဆိပ်ဖြူ မတ် ၁၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်ကို ဧရာဝတီမြစ်အား သွယ်တန်းတည်ဆောက်ထားသည့် အနော်ရထာတံတားအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အနော်ရထာတံတားကို ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားလုပ်ငန်းများ အသုံးပြုဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူအများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရေး လိုရာပန်းတိုင်ခရီးကို လွယ်ကူချောမွေ့စွာ ရောက်ရှိစေရန်၊ အနော်ရထာတံတား ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ တာဝန်ယူကြီးကြပ်၍ အနော်ရထာပင်မတံတား အရှည် ၄၁၉၁ ပေအား တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက လူသွားလမ်း ချိန်းလိပ် ကာရန်တပ်ဆင်ခြင်း လုပ်ငန်း၊ ကားလမ်း သံပိုက်လက်ရန်း တပ်ဆင်ခြင်းလုပ်ငန်းအစရှိသော ထိန်းသိမ်းရေးလုပ်ငန်းများ၊ Safety Stationary Group ( S S G) မှ သံမဏိသံပေါင် ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အနော်ရထာတံတားကို အကြီးစား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပင်မတံတားအပေါ်ထည် သံမဏိ၊ သံပေါင် ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သံပိုက်ငြမ်းစင်ကြီးများဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ တံတားအသုံးပြုသူ ခရီးသွားပြည်သူအများနှင့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တံတားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းခွင် ဧရိယာအတွင်း အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းနှင်သူ၊ ဆိုင်ကယ်စီးနင်းသူများ၊ တံတားအသုံးပြုသူများက အရှိန်ပြင်းစွာနှင့် စည်းကမ်းမဲ့ မောင်းနှင်ခြင်းမရှိစေရန် ရောင်ပြန်အသိပေးဆိုင်းဘုတ်များ၊ ညအချိန်တွင် အချက်ပြ မီးများကိုလည်း တပ်ဆင်ပေးထားကြောင်း ဒေသခံပြည်သူအများနှင့် ခရီးသွားပြည်သူများအနေဖြင့် တံတားကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် အရှိန်လျှော့၍ ယာဉ်များကို မောင်းနှင်ပေးရန် တိုက်တွန်းနှိုးဆော်မှုများကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**စိုးလင်းနိုင်**

## သန့်ရှင်းသောသောက်သုံးရေ ရရှိရေး စက်ရေတွင်းတူးဖော် ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**ပြည် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တင်ဒါလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မွန်းအေးချမ်း ကုမ္ပဏီက ဆောင်ရွက်သော ပြည်မြို့နယ် ကျောသာအုပ်စု ကောက်ပုံကွင်းကျေးရွာတွင် လေးလက်မ စက်ရေတွင်း (တွင်းနက်) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေစက်ရုံ ရေကန်တည်ဆောက်မှု၊ ထမကောက်အုပ်စု သောကြာမာကျေးရွာတွင် လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှု ရေကန် ရေစက်ရုံတူးဖော်ပြီးစီးမှုတို့အား ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်လင်းအောင်တို့က ကွင်းဆင်းကြည့်ရှုရာ ကုမ္ပဏီတာဝန်ရှိသူများမှ ဆောင်ရွက်ပြီးစီးမှုတို့အား လိုက်လံပြသပေးခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

# မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည့် မယ်စဲ့ကုန်သွယ်ရေးစခန်း

**မယ်စဲ့ မတ် ၁၈**

နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍများတွင် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ကုန်သွယ်မှုပြုရာတွင် မယ်စဲ့ကုန်သွယ်ရေးစခန်းသည် ကယားပြည်နယ်၏ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာ တစ်ခုတည်းသောကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာလမှ မတ်လအထိ ကုန်သွယ်ရေးဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ၂၁၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ၂၂၈ သန်း၊ ကုန်သွယ်ရေးပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုစတင်ချိန်မှစပြီး တစ်လထက်တစ်လကုန်သွယ်မှုပမာဏ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏလျာထားချက်အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၀ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက် ဒေါ်လာ တစ်သန်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အစပိုင်းဧပြီမှ မတ် ၉ ရက်အထိ ဆောင်ရွက်နိုင်မှုသည် ပို့ကုန်ဒေါ်လာ သုည ဒသမ ၃၇၅ သန်း၊ သွင်းကုန်ဒေါ်လာ သုည ဒသမ ၄၃၇ သန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာ သုည ဒသမ ၈ ၁၂ သန်းဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်လုံး လျာထားချက်အပေါ် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နှစ်ကုန်အထိ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူဝင်း (၁) ၏ ပြောကြားချက်အရ သိရသည်။

မယ်စဲ့ကုန်သွယ်ရေးစခန်းသည် မြန်မာနိုင်ငံမှ ထွက်ရှိသည့် စားသုံးမှုပိုလျှံသော လယ်ယာထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိပြီး ဒေသအတွက်လိုအပ်သည့် ဈေးကွက်ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများကိုတင်သွင်းဆောင်ရွက်လျက်ရှိသော ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်သည်။

များမကြာမီကာလတွင် ကုန်သွယ်မှုအရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကုန်သွယ်မှုတိုးတက်ခြင်းနှင့်အတူ ကယားပြည်နယ်၏ သာယာလှပသော ရေမြေ၊ တောတောင်၊ မပျက်စီးသေးသော သဘာဝအလှရှုခင်းများကြောင့် ခရီးသွားလုပ်ငန်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ကုသိုလ်ဖြစ် အာယုဒါနဆေးခန်း သုံးနှစ်ပြည့် အောင်ပွဲနှင့် ဆေးခန်းအသစ် ဆောက်လုပ်လှူဒါန်းပွဲကျင်းပ

**ညောင်လေးပင် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော်ဘဒ္ဒန္တဝိဇယ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်မှုဖြင့် ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန် ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်အခမဲ့အာယုဒါနဆေးခန်း(၃)နှစ်ပြည့်အောင်ပွဲနှင့် ဆေးခန်းသစ်ဆောက်လုပ်လှူဒါန်းခြင်းကို မတ် ၁၇ ရက်က အဆိုပါဆေးခန်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မဒေါက်မြို့ ပန်းငွေတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသက အဖွင့်အမှာစကားမိန့်ကြားပြီး ငါးပါးသီလချီးမြှင့်တော်မူသည်။ ယင်းနောက် အင်းဝိုင်းဆရာတော် ဘဒ္ဒန္တဝိဇယက ဆေးခန်းဖွင့်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားကာ လှူဒါန်းမှုတို့အတွက် ရေစက်ချအနုမောဒနာတရားချီးမြှင့်တော်မူပြီး အင်းဝိုင်းဆရာတော်ကြီးနှင့် တာဝန်ရှိသူများက ဆေးခန်းတွင် တာဝန်ယူ ကုသပေးနေကြသော ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့က ဆေးခန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အကြောင်းအရာများကိုလည်းကောင်း၊ ဆေးခန်းလူနာကုသရေးအဖွဲ့တာဝန်ခံ ဒေါက်တာမြင့်သန်းက ဆေးခန်းလိုအပ်ချက်များနှင့် ဆေးခန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဝင်ဦးငွေက သုံးနှစ်အတွင်း ဆေးကုသမှုများနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းကာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အာယုဒါနဆေးခန်းသည် ဒေသခံ ရဟန်းရှင်လူ ပြည်သူများအား သုံးနှစ်အတွင်း ဆေးခန်းဖွင့်ချိန် ၇၅ ကြိမ်တွင် အထွေထွေရောဂါဝေဒနာရှင် ၅၆၂၃ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ ဆေးဝါးကုသမှုခံယူရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ပိုမိုကောင်းမွန်စေရန်အတွက် ဇမ္ဗူအေးတောရ အင်းဝိုင်းဆရာတော်က မတည်လှူဒါန်းကာ သံကူကွန်ကရစ်အဆောက်အအုံအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ World Oral Health Day 2018

သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး

နှစ်စဉ် မတ်လ ၂၀ ရက်နေ့ကို ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့အဖြစ်သတ်မှတ်ကာ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာနိုးကြားလာစေရန်၊ ကမ္ဘာနှင့်အဝန်း အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုတိုင်ခဲ့ပြီဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့ချုပ် World Dental Federation (FDI) အနေဖြင့် ၂၀၀၇ ခုနှစ်မှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဦးဆောင်ကျင်းပလာခဲ့ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးကို ပိုမိုဂရုစိုက် နိုးကြားလာစေခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာပျော်ရွှင်ရေး၊ ကုန်ထုတ်လုပ်မှုစီးပွားတိုးတက်ရေး စသည်တို့အပေါ် ကျရောက်နိုင်သည့် သွားနှင့်ခံတွင်းရောဂါများ၏ ဆိုးကျိုးများကို တားဆီးနိုင်ရန် ရည်ရွယ်ချက်များထားရှိခဲ့ပါသည်။ ထို့ကြောင့် အသင်းဝင်နိုင်ငံအသီးသီး၏ သွားနှင့်ခံတွင်း ဆရာဝန်အသင်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းဌာနများနှင့်ဆက်သွယ်ကာ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုများကို ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ်များအနက် ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ လှုပ်ရှားမှုသည် ကမ္ဘာနှင့်အဝန်း သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာနိုးကြားလာစေရန် အကျယ်ပြန့်ဆုံး ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း တိကျသော ရည်ရွယ်ချက်များချမှတ်ကာ ပြည်သူလူထုတစ်ရပ်လုံးသာမက သွားဘက်ဆိုင်ရာဆေးပညာလောကသားများကလည်း သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးနှင့်အတူ သွားနှင့်ခံတွင်းရောဂါများ၏ ဆိုးကျိုးများကို နည်းပါးလျော့ကျစေရန် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့သွားနှင့် ခံတွင်းကျန်းမာရေးနေ့ကို ယခင်က FDI အသင်းကြီးတည်ထောင်သူ Dr. Charles Godon ၏ မွေးနေ့ဖြစ်သော စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သော်လည်း ၂၀၁၂ခုနှစ် မှစတင်၍မတ်လ ၂၀ ရက်နေ့သို့ ပြောင်းလဲကျင်းပခဲ့ပါသည်။ အကြောင်းရင်းမှာ ယခင်သတ်မှတ်ခဲ့သည့်နေ့တွင် နှစ်စဉ်ကျင်းပသော ညီလာခံကြီးနှင့် မတိုက်ဆိုင်စေရန်အပြင် ကလေးသွားများ အချောင်း ၂၀ ရှိခြင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် အနည်းဆုံးသွားအချောင်း ၂၀ ရှိသင့်ခြင်း၊ ပြည်သူများအနေဖြင့် ရှိထားသော သွား ၃၂ ချောင်းတွင် သွားပိုးပေါက်လုံးဝ မရှိစေခြင်း သုည စသည်တို့ကိုဖော်ကျူးသည့်အနေဖြင့် ကိန်းဂဏန်း (၃/၂၀) အားမတ်လ ၂၀ ရက်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကာ ကျင်းပရခြင်း ဖြစ်ပါသည်။

သွားနှင့်ခံတွင်းရောဂါများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့ချုပ်၏ ထုတ်ဖော်ချက်အရ အဓိကကျသောအချက်များကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ယင်းတို့မှာ -

- ကမ္ဘာနှင့်အဝန်း သွားနှင့်ခံတွင်းရောဂါခံစားနေရသူများမှာ ၃ ဒသမ ၉ ကုဋေခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၄၄ ရာခိုင်နှုန်းမှာ ကုသမှုမရှိသော သွားပိုးစားရောဂါများရရှိနေခြင်း။
- ကမ္ဘာ့ကျောင်းသားအရွယ်ကလေးငယ် ၆၀ ရာခိုင်နှုန်းမှ မှ ၉၀ရာခိုင်နှုန်းနှင့် အရွယ်ရောက်ပြီးသူ ၁၀၀ ရာခိုင်နှုန်းတို့မှာ သွားပိုးစားရောဂါနှင့် သွားနာကျင်ခြင်းဝေဒနာများ ခံစားနေကြရခြင်း။
- ကမ္ဘာ့လူလတ်ပိုင်းအရွယ်ဖြစ်သော ၃၅-၄၄ နှစ်တွင် ၁၅ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းခန့်မှာ သွားရေစီးကမ်းပြိုရောဂါ အပြင်းစားများခံစားနေကြရခြင်း။
- ကလေးသွားများတွင် သွားရေစီးကမ်းပြိုရောဂါနှင့် ကုသမှုမရှိသော သွားပိုးစားရောဂါများရှိနေခြင်းမှာ ရောဂါအဖြစ်အများဆုံး နံပါတ် ၁၀ စာရင်းဝင်ဖြစ်နေခြင်း။
- အသက် ၆၅ နှစ် မှ ၇၄ နှစ်အတွင်းရှိ လူဦးရေ ၃၀ ရာခိုင်နှုန်းမှာ သွားများလုံးဝမရှိခြင်း စသည်တို့ဖြစ်ပါသည်။

သွားနှင့် ခံတွင်းကျန်းမာရေးကို ကောင်းအောင်ကြိုးစားခြင်းသည် အထွေထွေကျန်းမာရေးသုခကို ထိန်းသိမ်းနိုင်ခြင်းအတွက် အလွန်အရေးပါသော အချက်ဖြစ်ပါသည်။

ခံတွင်းရောဂါအများစုသည် အခြားရောဂါများကို ဖြစ်စေရန်တွန်းအားပေးသော အချက်များနှင့်လည်း ယှဉ်တွဲဖြစ်တတ်ပါသည်။

ခံတွင်းရောဂါနှင့် အထွေထွေရောဂါတို့ကို ဖြစ်ပွားစေရန် တွန်းအားပေးသော အချက်များသည် လူတစ်ဦးချင်းစီ၏ လူနေမှုပုံစံနှင့် အပြုအမူများကြောင့် ဖြစ်ပေါ်လာရပါသည်။ ဥပမာ- ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက် (အထူးသဖြင့် သကြားများသော အစားအစာများ)၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းနှင့် ခံတွင်းကျန်းမာရေးထိန်းသိမ်းမှုညံ့ဖျင်းခြင်း စသည်တို့ဖြစ်ပါသည်။

ထို့ကြောင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးခြင်းဖြင့် ခံတွင်း ရောဂါများအပါအဝင် အခြားအထွေထွေရောဂါများကိုလည်း ကာကွယ်ရာရောက်သည်ကို သတိထားမိရန် အရေးကြီးလှပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးကိုစတင်စောင့်ရှောက်ဖို့ မစောလွန်းသကဲ့သို့ လုံးဝလည်း နောက်မကျသေးပါ။

ယနေ့လူအများ စားသုံးနေသော သရေစာများတွင်ပါဝင်သော သကြားဓာတ်များ၊ ကြာရှည်ခံအောင် ပြုပြင်ထားသော အစားအသောက်များ၊ အချိုရည်များသည်ခံတွင်း ရောဂါ (အထူးသဖြင့်သွားပိုးစားခြင်း) အတွက် အဓိကတွန်းအားပေးသောအချက်များ ဖြစ်ပါသည်။ သကြားအလွန်အကျွံစားသုံးမှုသည် အဝလွန်ခြင်းအတွက်လည်း တွန်းအားဖြစ်စေပါသည်။

ကျွန်ုပ်တို့၏ ခံတွင်းသည် ခန္ဓာကိုယ်တွင် ဖြစ်ပျက်သမျှတို့ကိုထင်ဟပ်သောကြေးမုံပြင်ပင်ဖြစ်သည်။ ခံတွင်းကို စစ်ဆေးကြည့်ယုံမျှဖြင့် အာဟာရချို့တဲ့သောရောဂါများ ရှိ-မရှိ၊ ကျန်းမာရေးနှင့်ဆန့်ကျင်သော အလေ့အကျင့်များ၊ ဥပမာဆေးလိပ်အလွန်အကျွံသောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း ရှိ-မရှိ ပေါ်လွင်နေမည်ဖြစ်ပြီး ခန္ဓာကိုယ်ရှိအခြားရောဂါများ၏ လက္ခဏာများကိုလည်း မြင်တွေ့နိုင်ပါသည်။



ကျန်းမာသောခံတွင်းပိုင်ဆိုင်ခြင်းဖြင့် ကောင်းစွာပြုံးရယ်နိုင်၊ စကားပြောနိုင်၊ စားနိုင်၊ သောက်နိုင်ပြီး ကိုယ်ကာယလှုပ်ရှားမှုများကို တစ်သက်တာ ကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လူမှုဆက်ဆံရေးနယ်ပယ်တွင် ကောင်းစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကာ မိမိကိုယ်မိမိတန်ဖိုးထား၍ ယုံကြည်မှုပြည့်ဝစွာ အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။

မကျန်းမာသောခံတွင်းကို ပိုင်ဆိုင်ထားရသူသည် မသက်မသာရှိခြင်း၊ နာကျင်ဝေဒ နာခံစားရခြင်းနှင့် ခံတွင်းရောဂါတို့ကြောင့် လူမှုပတ်ဝန်းကျင်တွင် မဝင်ဆန့်ခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှုလျော့နည်းစေကာ ကျောင်းသူကျောင်းသားများအနေဖြင့် ကျောင်းပျက်ခြင်း၊ အလုပ်လုပ်သူများအနေဖြင့် အလုပ်အကိုင်ပျက်ခြင်းများ ဖြစ်စေနိုင်ပါသည်။

ခံတွင်းကျန်းမာရေးနှင့် အထွေထွေကျန်းမာရေးတို့သည် ယှဉ်တွဲလျက်ရှိပါသည်။ သွားနှင့်ခံတွင်းရောဂါများသည် ပုံစံမျိုးစုံနှင့် ဖြစ်နိုင်သော်လည်း အဖြစ်အများဆုံးမှာ သွားပိုးစားခြင်းနှင့် သွားဖုံးရောင်ခြင်းတို့ ဖြစ်ပါသည်။ အသေအချာ ကုသမှုမပြုလျှင် ခန္ဓာကိုယ်အပေါ် ဆိုးကျိုးများသက်ရောက်စေနိုင်ပါသည်။ ထို့ကြောင့်အသက်အရွယ်မရွေး ခန္ဓာကိုယ်ကျန်းမာရေး သုခပြည့်စုံစေရန် ခံတွင်းကျန်းမာရေးသည် လိုအပ်ချက်တစ်ခု အဖြစ်ညွှန်းဆိုနေပါသည်။

ထို့ပြင် အထွေထွေကျန်းမာရေး အခြေအနေများကလည်း ခံတွင်းပြဿနာများကို တိုးပွားစေပါသည်။ ဥပမာ - ခံတွင်းရောဂါများသည်ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် အချို့ကင်ဆာရောဂါများနှင့် ဆက်နွှယ်နေပါသည်။ ဆီးချိုရောဂါရှိခြင်းဖြင့် သွားဖုံးရောဂါဖြစ်ပွားနှုန်း မြင့်မားစေပါသည်။

သို့ဖြစ်ပါ၍ သွားနှင့်ခံတွင်းကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် အထွေထွေကျန်းမာရေးကောင်းအောင် ဆောင်ရွက်နိုင်ကာမိမိတို့ လူနေမှုဘဝကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

သတိပြုရန် အချက်တစ်ခုအဖြစ်ဆေးရွက်ကြီး သုံးစွဲမှုသည် ဆေးလိပ်သောက်ခြင်း ဖြင့်လည်းကောင်း၊ ကွမ်းစားခြင်းဖြင့်လည်းကောင်း၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာတို့ ဖြစ်ပွားစေရန် တွန်းအားပေး အထောက်အကူပြုနေပါသည်။ ဆေးရွက်ကြီးသုံးစွဲခြင်းဖြင့် နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် အခြားကင်ဆာရောဂါများကို ဖြစ်စေနိုင်ပြီး ဆေးရွက်ကြီးသုံးစွဲမှုသည် ကမ္ဘာနှင့်အဝန်းတွင် ကြိုတင်ကာကွယ်နိုင်သော သေဆုံးမှုများအတွက် အဓိကကျသော အကြောင်းအချက်တစ်ခုပင် ဖြစ်ပါသည်။

အရက်အလွန်အကျွံသောက်သုံးမှုသည် ရောဂါအမျိုးအစား ၂၀၀ ကျော် (ခံတွင်း ရောဂါအပါအဝင်) ဖြစ်ပွားမှုအတွက် အဓိကတွန်းအားပေးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ အရက်အလွန်အကျွံ သောက်သုံးမှုတစ်ခုတည်းဖြစ်စေ (သို့မဟုတ်) ဆေးရွက်ကြီး သုံးစွဲမှုနှင့် ယှဉ်တွဲ၍ဖြစ်စေ၊ သွားပိုးစားခြင်း၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာဖြစ်ပွားနှုန်းတို့ကိုမြင့်မားစေပါသည်။

ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုညံ့ဖျင်းခြင်းသည် ခံတွင်းတွင် ပိုးမွှားအစုအဝေးများဖြစ်စေပြီး သွားနှင့်သွားဖုံးရောဂါများကို လွယ်ကူစွာဖြစ်စေနိုင်ပါသည်။ သွားဖုံးရောဂါ အချိန်ကြာမြင့်စွာဖြစ်လျှင် သွားများပါ ဆုံးရှုံးနိုင်သကဲ့သို့ ဆီးချိုရောဂါနှင့် နှလုံးရောဂါတို့ကို မဖြစ်ပွားအောင် ထိန်းသိမ်းရန်လည်း ခက်ခဲစေနိုင်ပါသည်။

ငယ်ရွယ်စဉ်ဘဝကတည်းကပင် မိမိ၏ခံတွင်းနှင့် ခန္ဓာကိုယ်ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ အထူးသဖြင့်

(၁) ကျန်းမာရေးကိုအထောက်အကူပြုသော အစားအသောက်များစားသုံးခြင်း။ ဥပမာ- သကြားပါဝင်မှုနည်းသောအစားအစာ၊ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများအစရှိသော အစားအစာများ၊

(၂) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်းတို့ကို ရှောင်ကျဉ်ခြင်း၊

(၃) အရက်ကို အလွန်အကျွံ သောက်သုံးခြင်းမှ ရှောင်ကျဉ်ခြင်း၊

(၄) ခံတွင်း ကျန်းမာရေးကောင်းစေသော အလေ့အကျင့်များမွေးမြူခြင်း၊

   (က) သွားများကိုတစ်ခါလျှင် နှစ်မိနစ် တစ်ရက်နှစ်ကြိမ်သွားပိုးစားရောဂါ ကာကွယ်နိုင်သော Fluoride (ဖလူအိုရိုက်) ပါဝင်သော သွားတိုက်ဆေးဖြင့်တိုက်ရန်၊

   (ခ) သွားတိုက်ပြီးပြီးခြင်း ရေဖြင့် အာလုတ်ကျင်းခြင်းမပြုဘဲ ပိုနေသောသွားတိုက်ဆေးများကိုသာ ထွေးထုတ်ပြီး၊ ခဏကြာမှ အာလုတ်ကျင်းရန်၊

   (ဂ) အစာစားပြီး သွားတိုက်ရန်အဆင်မပြေသော အချိန်အခါများတွင် ဖလူအို ရိုက်ပါသော ခံတွင်းသန့်ဆေးရည်ဖြင့် အာလုတ်ကျင်းခြင်း၊ သကြားမပါသော Chewing Gum ဝါးစားခြင်းများ ပြုလုပ်ရန်၊

   (ဃ) သွားများပိုမိုသန့်ရှင်းစေရန် သွားကြားထိုးကြိုး (Dental Floss)၊ သွားကြားထိုးမျှင် Brush များအသုံးပြုရန်၊

(၅) လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ရသော အားကစားနည်းများ ဥပမာ-လက်ဝှေ့၊ အရာဝတ္ထုများနှင့် ထိခိုက်နိုင်သော အားကစားနည်းများ၊ ဥပမာ-ဘောလုံး၊ Baseball စသည်တို့ ကစားသည့်အခါ သွားများကိုကာကွယ်ပေးသော ပစ္စည်းများ ဝတ်ဆင်ကစားခြင်း၊

(၆) တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ် (သို့) ခြောက်လတစ်ကြိမ် သွားဆရာဝန်နှင့် ပုံမှန်စစ်ဆေးခြင်း၊ စသည်တို့ကို လိုက်နာလုပ်ဆောင် ကြိုတင်ကာကွယ် ဂရုစိုက်ခြင်းဖြင့် ခံတွင်းရောဂါများ၊ ဆက်စပ်နေသော အထွေထွေရောဂါများကို စောစီးစွာသိရှိပြီး လွယ်ကူစွာ ကုသပျောက်ကင်းစေနိုင်မည်ဖြစ်ပါသဖြင့် ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "ကျန်းမာခံတွင်းမြှင့်တင်ခြင်း၊ မယွင်းခန္ဓာစဉ်ကျန်းမာ" ဟူသော ဆောင်ပုဒ်အား ထောက်ခံကာ ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ကို ကြိုဆိုလိုက်ရပါသည်။




## ဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်းကျောင်း
## နိုင်မာသောအနာဂတ်အတွက် MHTiမှသင်တန်းများ

- ဟိုတယ်ဧည့်ကြိုသင်တန်း
- အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း
- အစားအသောက်ဝန်ဆောင်မှုသင်တန်း
- လေယာဉ်မောင်/မယ် ဝန်ဆောင်မှုသင်တန်း
- နိုင်ငံတကာအစားအစာချက်ပြုတ်နည်းသင်တန်း
- ပေါင်မုန့်၊ ကိတ်မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း
- ကော်ဖီမျိုးစုံပြင်ဆင်ပြုလုပ်နည်းသင်တန်း
- Cocktail နှင့် Mocktail ဖျော်စပ်နည်းသင်တန်း
- ဟိုတယ် နှင့် စီးပွါးရေးသုံးအင်္ဂလိပ်စာသင်တန်း




အမှတ်(၆၄၇)၊ မြကန်သာ(၁)လမ်း၊ အင်းလျားကန်ပေါင်ရှေ့၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ PH: 09401226775, 09401226776
Facebook - MHTi-M Hospitality & Tourism Institute

---

**Powertona® 3G**
Ginseng Garlic Ginkgo
60 Soft Caps

- အသက်ကြီးလာတာနဲ့အမျှ မှတ်ဉာဏ်လျော့ပါးတာ၊ သွေးကြောတွေကျဉ်းပြီး မာလာတာ၊ သွေးတွင်းအဆီများလာတာ၊ အစာခြေစနစ်ယိုယွင်းလာတာတွေဖြစ်တတ်ပါတယ်။
- နောက်ဆက်တွဲအနေနဲ့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါဆိုးတွေ ဖြစ်လာတတ်ပါတယ်။
- Ginseng, Garlic, Ginkgo သုံးမျိုးရဲ့ ထူးခြားတဲ့ ပေါင်းစည်းမှုကြောင့် ပါဝါတိုနာ(3G) သည်ခွန်အားတိုးပွားစေပြီး လူကြီးရောဂါများကို တားဆီးနိုင်ပါသည်။




KOREA UNITED PHARM. INT'L JSC
- YANGON TEL : 01 203103, 09 977111546
- MANDALAY TEL : 09 2037314, 09 441012541

( ၁ )ဘူးတွင် ဆေးလုံး ( ၆၀ )ပါဝင်သည်၊

---

SAYA-TONY အင်္ဂလိပ်စာ:ပြန်ဆောင်း၊ ဘာသာပြန်ဆရာ (SHELL)ဦးစိုးဇော
# OBF Language and Business Institute

**IELTS** — IELTS / UKVI / IELTS life / Skills A1 & B1

**နွေရာသီ**

➢ 5-Skill Foundation English
➢ သဒ္ဒါ + အရေး + ဘာသာပြန်သင်တန်း(အခြေခံ)
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Basic Phonetics Course (BPC)
- Foreign Going English Course (FGE)
- Grammar & Translation Course (BGT)
- 5-Skill Professional Development (5-SPD)

**ICM Approved Centre** ICM

ICM(UK) Single Subject Management Diploma
PROFESSIONAL COURSES
- Business Management and Administration (Dip BMA)
- Marketing Management (Dip MM)
- Human Resources Management (Dip HRM)
- Organizational Development & Change (Dip ODC)
- Financial Management (Dip FM)
- Project Management (Dip PM)
- Supply Chain Management (Dip SCM)
- Risk Management (Dip RM)
- English Course For Business Communication (Cert)
- Debate & Leadership Development (Cert DLD)

Bld. No. 200/208, 5th Floor, 35th St., Kyauktada Tsp., Yangon, Myanmar.
Tel : (95-1) 249178 HP : 09 5061343, 09 513 8867, 09 448000410,

---

# iGREEN မှ PAE ဖြင့် ဆောက်လုပ်ပေးမည်

**09784060602**
website : www.igreendeveloper.com
Email : igreen.qs6@gmail.com

---

# ဂွကျေးဆေးတိုက်

ဂွကျေး®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဆက(စနယ်ဖင်း) ၀၅၄/၀၇၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း- ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း ဒါယိကာမကြီး**

## ဒေါ်ထားရွှေ

## အသက် (၈၅) နှစ်

**ရွှေဝါဖူး၊ မင်္ဂလာတောင်ညွန့်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၆၀၁)နေ (ဦးကျော်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးကျော်ရှိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ဗိုလ်မှူးဖေဝင်း(ငြိမ်း၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)၏ဇနီး၊ ဦးဝင်းမြတ်ဇော်-ဒေါ်သီတာစိုး၊ ဗိုလ်မှူးကြီးဇော်နိုင်ဝင်း(ငြိမ်း၊ Golden Myan-Tai Co.,Ltd)-ဒေါ်ခိုင်ခိုင်စိုး၊ ဦးမိုးဇော်ဝင်း-ဒေါ်သီဂီဝင်း၊ ဦးအောင်နိုင်ဝင်း၊ ဗိုလ်မှူးကြီးကျော်ထက်(စဗခ-ကွတ်ခိုင်)-ဒေါ်စောမာလာဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၈(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း ဒါယိကာမကြီး**

## ဒေါ်ထားရွှေ (၈၅)နှစ်

**ရွှေဝါဖူး၊ မင်္ဂလာတောင်ညွန့်**

သူငယ်ချင်း ဗိုလ်မှူးကြီးဇော်နိုင်ဝင်း(ငြိမ်း)-မခိုင်ခိုင်စိုးတို့၏မိခင် ဒေါ်ထားရွှေ အသက်(၈၅)နှစ်သည် ၁၈-၃-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်၊ အမှတ်စဉ်(၃၁) မှသူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဆရာကြီး ဒေါက်တာသိမ်းမြင့်

**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာ/ သိပ္ပံပညာရှင်များအဖွဲ့)**

**(ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံ သင်္ချာအသင်း)**

**ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**

## အသက် (၇၉) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ (၃၁×၃၂)လမ်းကြား၊ (၇၂×၇၃)လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ်(၉၉/၈)နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသိမ်းမြင့်

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**

## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပညာ့ရိပ်သာလမ်းသွယ်၊ ခြံအမှတ်(၁၅)နေ ဒေါက်တာသိမ်းမြင့်(မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)သည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## ဒေါ်ခင်ဦး

## အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် (1-A/6)၊ မြသီတာအိမ်ရာနေ (ဦးအောင်ဘော်)၏ဇနီး၊ (ဒုဗိုလ်မှူးကြီးကျော်မင်း)-ဒေါ်ခင်မြင့်ထွေးတို့၏အစ်မ၊ ဦးတင်မောင်ဝင်း-ဒေါ်မိုးမိုးရီတို့၏ကျေးဇူးရှင်မိခင်၊ မဝင်းစုစု၊ မောင်သော်အောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၃-၂၀၁၈ (စနေနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်ရီ (ကန်တော်လေး)

## အသက် (၈၆) နှစ်

**ရုံးအုပ် (ငြိမ်း)၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး**

တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်နေ (ဦးဆင့်-ဒေါ်စောတင်)တို့၏သား၊ (ဦးစံမြ-ဒေါ်အေးရင်)တို့၏ သားသမက်၊ [ဦးမောင်မောင်တင် (ပြည်တွင်းရေကြောင်း)-ဒေါ်လှကြည်]၊ (ဦးကြည်-ဒေါ်ကျင်မြိုင်)တို့၏ ညီ၊ (ဦးရဲမြင့်)-ဒေါ်စန်းလှ၊ (ဦးခင်စိုး)၊ ဦးဘသန်း-ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်-ဒေါ်ရီရီတင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၁၀၇)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ ဒေါ်ခင်နွဲ့(အောင်စကြာသက်န်းတိုက်)၏ခင်ပွန်း၊ ဗိုလ်မှူးဝင်းကိုကို(စစ်တက္ကသိုလ်)-ဒေါ်ရီရီမြင့်တို့၏ဖခင်၊ မောင်ရဲမြတ်သူ(ဒဂုံ-၁)၊ မအိမ့်သံလွင်ကိုကိုတို့၏အဘိုးသည် ၁၈-၃-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၆း၃၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်ကြိုင်

**(ကော့မှူး-ညောင်ပင်သာ)**

## အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၉)၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးထွန်းကြွယ်-ဒေါ်လှညွန့်)တို့၏သမီး၊ (ဦးစိန်မောင်-ဒေါ်ရီ)တို့၏သမီးချွေးမ၊ ဦးမျိုးမြင့်ခိုင်(တိုင်းဝယ်ရောင်းမန်နေဂျာ၊ ရန်ကုန်တိုင်းကုန်သွယ်လယ်ယာ-ငြိမ်း)၏ဇနီး၊ ဒေါ်နွယ်နီခိုင်(ထ-၄၊ ပုဇွန်တောင်)၊ ဦးမျိုးနိုင်-ဒေါ်အေးအေးခိုင် (ထ-၂၊ ဒဂုံဆိပ်ကမ်း)၊ (ဦးမိုးဇော်အောင်)-ဒေါ်သက်သက်ဝေ၊ ဒု-ဗိုလ်မှူးကြီးညဏ်မြင့်အောင်(ငြိမ်း၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)-ဒေါ်အေးသီတာ၊ (ဦးမိုးကျော်အောင်)-ဒေါ်မိုးဥမ္မာတင်၊ ဦးမိုးမြင့်အောင်-ဒေါ်နီလာထွန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်တင်ကြိုင်သည် ၁၇-၃-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## မိုဟာမက်ရှဖီး(ခ)အလီဘိုင်(ခ)ဦးဝင်းဖေ(ပုသိမ်) (၆၅)နှစ်

**B.Sc (Chem)-Ex.RO**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဒုံးကွင်းရပ်နေ (ဦးဘကြူး-ဒေါ်သေးသေး)တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးစံလှိုင်-ဒေါ်ဝင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၉၄)၊ လေးလွှာ(ယာ)နေ ဒေါ်နီနီမာ၏ခင်ပွန်း၊ မောင်ဟန်ဝင်းအောင်-မနီနီဝင်း၊ မောင်နေဝင်းအောင်-မစန္ဒာအေး၊ မောင်တင်ဝင်းအောင်-မနွေးယုနိုင်၊ မခိုင်နီလာဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး မိုဟာမက်ရှဖီး(ခ) အလီဘိုင်(ခ)ဦးဝင်းဖေသည် ၁၈-၃-၂၀၁၈ရက် နံနက် ၂နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇိုဟိုရ်ပြီး ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး ၂ နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံသောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါ သည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ရီ(ခ)ဒေါ်ရီ(ဂွတ္တလစ်)

## အသက် (၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၅၀၄)နေ ဦးစိုးဝင်းအောင်-ဒေါ်ညွန့်ညွန့်မော်၊ ဦးဟန်ထွန်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်ဥမ္မာ(ခ)ဒေါ်ခင်မမ၊ ဦးစိုင်းအောင်ဗိုလ်-ဒေါ်မြစန္ဒာ၊ ဦးသန်းထွေးအောင်တို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွား၊ ဦးရွှေကြည်၏ချစ်လှစွာသောဇနီးသည် ၁၇-၃-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဆရာမဒေါ်လှသိန်း(ဂွမြို့)

**ပထဝီဝင်(၁၉၇၄)၊**
**အထက်တန်းပြ(ငြိမ်း)**

## အသက် (၆၈) နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဆရာကြီးဦးတင်မြင့်(မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ဇနီး၊ ကိုထင်ကျော်လင်း-မသူဇာအောင်၊ ဗိုလ်ကြီးသန့်ဇင်အောင်-မသင်းယုဝေ (အထကပြ၊ ဂွမြို့)တို့၏မိခင် ဆရာမ ဒေါ်လှသိန်းသည် ၁၈-၃-၂၀၁၈ ရက် နံနက် ၁၀း၃၀နာရီတွင် ဂွမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့)တွင် ဂွမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးကျော်ဝင်း(Henry Mya)

**Mohammed Cassim**

## အသက်(၆၈)နှစ်

**B.E (Civil) 1973**
**Dip HE (Delft)**
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့နေ (ဦးကျော်မြ-ဒေါ်စောတင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၄၁)၊ ငါးထပ်ကြီးဘုရားလမ်းနေ (ဦးထွန်းအုံ-ဒေါ်အုန်းခင်)တို့၏ သားသမက်၊ ဒေါ်ရွှေပြည့်၏ခင်ပွန်း၊ မခင်ယမုန်ဝင်း(FIIAPP)၊ မောင်အုပ်စိုးကျော်ဝင်း (Lantro, Myanmar)တို့၏ ဖခင်သည် ၁၆-၃-၂၀၁၈ ရက် ည ၉း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၇-၃-၂၀၁၈ ရက် ဇုဟိုနာမတ်ဇ်အပြီးတွင် ရေဝေးစွန္နီက ဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်ဦး(ခ)နိုင်နိုင်

## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၃၂၇)နေ (ဦးသိန်းမောင်-ဒေါ်စောညွန့်)တို့၏ မြေးကြီး၊ (ဗိုလ်မှူးကျော်လှ)-ဒေါ်အုန်းမြင့်တို့၏သားကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၇၇/ဃ)နေ ဒေါ်နိုင်နိုင်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မသီတာအောင်၊ ကိုဖြိုးသီဟ-မခိုင်စံပယ်ဦးတို့၏ချစ်လှစွာသောဖခင်၊ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးသန်း၊ ဦးအေးမင်း-ဒေါ်စန္ဒာ၊ ဦးလှမော်-ဒေါ်စန်းစန်းနွယ်၊ ဦးမြတ်သူရ-ဒေါ်တင်တင်ဆွေတို့၏အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၇၇/ဃ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တနာဂဝံသ

## သိက္ခာတော် (၅၆)ဝါ၊ သက်တော် (၇၆)နှစ်

**ဇီးဖြူကုန်းကျောင်းတိုက်၊ ကဝမြို့နယ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃာ့ဝန်ဆောင် သိက္ခာတော် (၅၆)ဝါ၊ သက်တော် (၇၆)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တနာဂဝံသ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) ၇-၃-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်) ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင်ဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်များ

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ကျင်ညွန့်

## အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၅၆)နေ (ဦးစိန်-ဒေါ်လှိုင်)တို့၏သမီး၊ (ဦးစိန်ဝှက်)၏ဇနီး၊ ဒေါက်တာခင်အုန်းသန်း(မေ့ဆေး)၊ ဒေါက်တာအုန်းရွှေ၊ ဦးဝင်းကျော်-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်စန်းစန်းမြ၊ ဒေါ်အေးအေးခိုင်၊ ဒေါက်တာစိုးညွန့်-ဒေါ်အေးအေးမူ၊ ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ မောင်ကျော်ကိုကိုသန့် (ဆေးတက္ကသိုလ်-၁)၊ မောင်ကျော်ဘုန်းခန့် (STI University)၊ မောင်ကျော်ဇောခန့်(အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၁၆-၃-၂၀၁၈ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ထား

## အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ မဟူရာ(၂)လမ်း၊ အမှတ်(၆၄၁)နေ (ဦးဖိုးတင်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးသောင်း-ဒေါ်လှခင်)တို့၏သမီးချွေးမ၊ (ဦးစံသိန်း)၏ဇနီး၊ (ဦးကျော်စိုး-ဒေါ်ခင်ပြုံး)၊ ဦးကျော်ဟိုး-ဒေါ်စန်းမြင့်၊ (ဒေါ်သန်းငွေ)၊ (ဦးကျော်မိုး)-ဒေါ်မြမြဝင်း၊ (ဦးကျော်ဖြိုး)-ဒေါ်စန်းစန်းဦး၊ ဦးဝင်းမြင့်-ဒေါ်ခင်ခင်လေး၊ ဦးကျော်တိုး-ဒေါ်မြင့်မြင့်သန်းတို့၏မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၃-၂၀၁၈ (စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မ/ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ မဟူရာ(၂)လမ်း၊ အမှတ်(၆၄၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးငြိမ်း

**စာရင်းစစ်မှူး (ငြိမ်း)**

## အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ် (၂၉)နေ ဒေါ်ခင်ညိုဝင်း (ကျန်းမာရေးဌာန-ငြိမ်း)၏ခင်ပွန်း၊ (ဦးထွန်းထွန်းဦး)၊ (ဦးလှမျိုးအောင်)-ဒေါ်ကေသီဦး၊ ဦးအောင်ကျော်မိုး-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအောင်မျိုးသိန်း-ဒေါ်ရွှေဝတ်ရည်(သူနာပြုဆရာမ-စံပြဆေးရုံ)၊ ဦးမောင်မောင်သူရိန်ထွန်း-ဒေါ်သဥ္ဇာမော်၊ ဒေါ်သန္တာမော်တို့၏ဖခင်၊ မအေးမြတ်မွန်၊ မထက်ထက်၊ မောင်ဟန်ထူးအောင်တို့၏အဘိုးသည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိန်မြင့် (၆၃)နှစ်

**လ/ထ ညွှန်ကြားရေးမှူး (မြင်းခြံခရိုင်ဦးစီးမှူး-ငြိမ်း)**

**လဝက -၂၈၇၀**

မန္တလေးမြို့၊ ဟော်ကုန်းရပ်နေ (ဦးအောင်မြင့်-ဒေါ်အမာ)တို့၏သား၊ (ဦးတင်အောင်-ဒေါ်အိုင်နာကြီး)တို့၏ သားသမက်၊ ကန်ကောက်ရွာဟောင်းနေ ဦးဇော်ဝင်း (ရဲအုပ်-ငြိမ်း)-ဒေါ်နွယ်နွယ်အောင်(အလပြ-ငြိမ်း)တို့၏မောင်၊ ကျောက်မီးနေ ဦးမြင့်ဆွေ(အထက-ကျောက်မီး)-ဒေါ်သန်းသန်းအေး (အထက-ကျောက်မီး)၊ ဦးခင်မောင်မြင့်-ဒေါ်ဝင်းဝင်းမြင့်(ဒု-ညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)၊ ဘားအံမြို့နေ (ဗိုလ်မှူးမျိုးမင်း)-ဒေါ်ခင်မော်သက်၊ မန္တလေးမြို့သစ်နေ ဦးသန်းနိုင်(စာတိုက်ကြီး)-ဒေါ်လွင်လွင်မြင့်၊ တမ္ပဝတီရပ်နေ ဦးသန်းအောင်-ဒေါ်သီတာမြင့်တို့၏ အစ်ကို၊ တူ/တူမ ၁၈ ယောက်တို့၏ ဦးလေး၊ မန္တလေးမြို့၊ ကျန်းမာရေးရပ်ကွက်၊ အာယုသုခလမ်းနှင့် ဓမ္မာရုံလမ်းထောင့်၊ အမှတ် (၃၈၇/၂)နေ ဒေါ်အေးအေး မာ(ကြီးကြပ်ရေးမှူး၊ စာတိုက်ကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ မသဲစုအေး(ILBC)၊ ဦးကောင်းစံထက်(KBZ Bank)-မအေးမြသူ(နှင်းဆီနီ စက်ချုပ်ဆိုင်)၊ မနွေးနွေးအောင် (KBZ Bank)တို့၏ မွေးသဖခင်၊ မကြော့ရှင်းစန္ဒီ(Grade-I၊ အထက-၁၆)၏ အဘိုးသည် ၁၈-၃-၂၀၁၈ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်ဝေဖြိုး

## အသက်(၂၁) နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုံ(၁) ခရေလမ်း၊ အမှတ်(၄၂/၁၁၀-ခ)နေ ဦးတင်ကြိုင်(ရေခဲပုံးလုပ်ငန်း)-ဒေါ်သန်းအေး၊ (ဦးအုန်း-ဒေါ်ငွေ)တို့၏မြေး ဦးသောင်းအေး-ဒေါ်စုလှိုင်ထွေးတို့၏သား၊ ဦးအေးမင်းထွေး-ဒေါ်ချိုချိုဦး၊ မဇင်ဇင်နွယ်တို့၏တူ၊ မောင်ဖြိုးဝေ၏ညီ၊ မောင်ထွန်းလွင်၏အစ်ကိုသည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုံ(၁)၊ ခရေလမ်း၊ အမှတ်(၄၂/၁၁၀-ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ နယ်နိမိတ်မျဉ်းအနီးနေထိုင်သူများအား တွေ့ဆုံသတင်းရယူ



**စစ်တွေ မတ် ၁၈**

ပြည်တွင်း ပြည်ပသတင်းသမားများ ပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲ မြို့နယ်ရှိ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့အား ယာယီ လက်ခံရေးစခန်း ရှင်းလင်းဆောင်ရွက်ရန် စခန်းတာဝန်ခံ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက စခန်းအတွင်း ကြိုတင်ပြင်ဆင်ထားမှုများ၊ စိစစ်လက်ခံရေးအတွက် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့အား စုဖွဲ့ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများအား လူသားချင်းစာနာမှု အကူအညီများ ပံ့ပိုးပေးသွားမည့် အခြေအနေများနှင့် စခန်းတည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို ရှင်းလင်း ပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

ပိုထူးမယ့် ၂၀၁၈ ခုနှစ် မန်းသင်္ကြန်
စာမျက်နှာ - ၆
အာရှဖလားဝင်ခွင့်အတွက် အရေးပါသည့် ကာဂျစ္စတန်နှင့် မြန်မာအသင်း ခြေစစ်ပွဲ မတ် ၂၂ ရက်တွင် ကျင်းပမည်
စာမျက်နှာ - ၉
မောင်တောဒေသအတွင်း ပြန်လည်လက်ခံရေး၊ ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ ဆောင်ရွက်
စာမျက်နှာ - ၁၀
လည်ပင်းနီသားပိုက်ကောင်များ ဆာဖာရီဥယျာဉ်တွင် ကြည့်ရှုလေ့လာနိုင်
စာမျက်နှာ - ၁၄

## တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်

တောင်ကြီး မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်အတွက် လုပ်ငန်းကော်မတီများ အသီးသီးက ကြိုတင်ပြင်ဆင်နေမှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻






## နှစ်ကိုးဆယ် ဂရန်ကြီးကျပြီး ကိုးဧကခန့် ခြံဝိုင်းကြီး ရောင်းမည် (ဖုန်း - ၀၉ - ၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ လယ်ကိုက်ကန်သာအပန်းဖြေစခန်းအနီး၊ လယ်ကိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ (ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေး မေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး၊ ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ ခြံဝိုင်းကြီး ရောင်းမည်။

P MOH

Prestige English Language Centre

Prestige : Established since 1995



*English Language Training Programme 2018*

A SCHOOL FOR ALL AGES!!! (အသက်အရွယ်မရွေးအတွက် ပညာရပ်ဝန်း)

* ၁၀တန်း စာမေးပွဲဖြေဆိုပြီးသော ကျောင်းသားများအတွက် Academic နှင့် General English.
* Special Writting Course (Letter and Essay Writting)မည်သို့သော ခေါင်းစဉ်မဆို ရေးသားဖြေဆိုနိုင်ရန်လေ့ကျင့်ပေးသောသင်တန်း
* (KET, PET, Starters, Movers, Flyers) Cambridge တက္ကသိုလ်၏ စာမေးပွဲများပြင်ဆင်ပေးသည့်သင်တန်း

General English: Young Learners (From Pre KG to Matriculation Level)
Young Adult & Adult (Beginner to Advance)

IELTS (Since 1997): စာမေးပွဲအတွက် ပြင်ဆင်ပေးသည့် အခြေခံနှင့် အဆင့်မြင့်သင်တန်းများ။
Special Support Programmes: ဝိဝိ၏ လိုအပ်ချက်နှင့်အညီ စီစဉ်ပေးသည့် အထူးသင်တန်းများ။
Prestige Montessori မူကြိုကလေးများအတွက် ဘက်စုံ ပညာရပ်ခွင်။
Medical English for Global Doctors နိုင်ငံတကာအဆင့် လုပ်ငန်းခွင်ဝင်နိုင်ရန် ဆရာဝန်များအတွက် အင်္ဂလိပ်စာ။
MEDICAL COMMUNICATION FOR MRCP, MRCPCH, MRCS, MRCOG

Address : 24-E, Bogyoke Aung San Street, Lanmadaw Township
Phone : 01-211257, 09-26159 9905

DELIGHT

Steel Sheet Pile ချောင်းအမျိုးမျိုး ဖြန့်ဖြူးရောင်းချပေးပါသည်။



လိပ်စာ : အမှတ် (၉)၊ ငါးမာန်အောင်ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရုံးဖုန်း : ၀၉ ၇၇၁၀၀ ၂၈၈၊ ၀၉ ၇၇၁၀၀ ၂၆၅၊ ၀၉ ၉၇၄ ၄၀၀ ၈၀၀၊ ၀၉ ၉၆၄ ၁၈၁ ၄၃၀၊ ၀၉ ၉၆၄ ၂၈၁ ၄၃၀၊ ၀၉ ၉၆၄ ၃၈၁ ၄၃၀
E-mail : thahtetkyaw@joyanceintl.com, Sales@joyanceintl.com, tarding@joyanceintl.com

Proudly organized by FUTURE MYANMAR CREATION CO., LTD.

၂၀၁၈ / ၁၉ ကျောင်းဖွင့်ရာသီအကြို

CUTE BABY AND SMART KIDS FAIR (2018)

ကလေးအသုံးအဆောင် နှင့် လူငယ်ပညာရေးပြပွဲကြီး

17-5-2018 to 20-5-2018 တပ်မတော်ခန်းမ၊ ရန်ကုန်။

ပြခန်းစုံစမ်းရန် - 09-777077991, 09-777077992, 09785052446, 09-5052446




u,Defopfyifpdkufydvifrf tifvnf& jynfvnfvS

